မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်၊ ၂၀၀၈ခုနှစ်၊ ဇန်နဝါရီ ၂၈ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၂၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း လွိုင်လင်ခရိုင်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် နမ့်စန်မြို့တွင်ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်သောင်းအေးနှင့် တပ်မတော်အရာရှိများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၂၃ရက် နံနက်ပိုင်းက မော်တော်ယာဉ်များဖြင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏(၁၃၂/၆၆) ကေဗွီ ပင်မဓာတ်အားခွဲရုံ ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် ပြီးမြောက်အောင်မြင်ရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ မှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၂ ✡

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး ဘုတ်ပြင်းမြို့နယ်ရှိ တောင်ဒဂုံ ဆီအုန်းစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

နေကြာစေ့စားသုံးမှု အူမကြီးကင်ဆာဖြစ်ပွားမှုလျော့ကျနိုင်

နေကြာစေ့ကို နေကြာပင်မှရရှိသည်။ နေကြာစေ့သည် ဆောင်းအကုန်နှင့် နွေရာသီတို့တွင် လှိုင်လှိုင်ပေါများစွာ ထွက်ရှိသည်။ နေကြာစေ့ကို ဈေးများ၌ တစ်နှစ်တာပတ်လုံး တွေ့ရှိရသည်။

ပါဝင်

နေကြာစေ့တွင် ဗီတာမင်အီး၊ ဗီတာမင်ဘီ–၁၊ မင်းဂနိစ်၊ ကော့ပါး၊ ဖော့စ်စပရပ်စ်၊ ဗီတာမင်ဘီ–၅နှင့် အမျှင်ဓာတ်တို့ ပါဝင်သည်။ အများဆုံးပါဝင်သည့် ဓာတ်များမှာ ဗီတာမင်အီးနှင့် ဗီတာမင်ဘီ–၁ တို့ဖြစ်ပြီး ဗီတာမင်အီးမှာ ၉၀ဒသမ၅ရာခိုင်နှုန်း ပါဝင်သည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ■

တနင်္သာရီတိုင်း ဘုတ်ပြင်းမြို့နှင့် ကရသူရီမြို့ ဖွံ့ဖြိုးတိုးတက်ရေး ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၅ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် မြိတ်မြို့သို့ရောက်ရှိကြရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် တိုင်းအဆင့် ဌာနဆိုင်ရာအကြီးအကဲများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးသည် မြိတ်မြို့လေယာဉ်ကွင်းကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နံနက်၈နာရီခွဲတွင် ဘုတ်ပြင်းလေဆိပ်ကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်သာအေးနှင့်အဖွဲ့ဝင်များသည် ဘုတ်ပြင်းမြို့ မိုးလုံလေလုံအားကစားရုံ ပြုပြင်တည်ဆောက်နေမှု၊ ဘုတ်ပြင်းမြို့ မြို့နယ်ပြည်သူ့ဆေးရုံ ပြန်လည်ပြုပြင်တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထောက်ပံ့ငွေပေးအပ်

ဆက်လက်၍ ဗိုလ်ချုပ်သာအေးနှင့်အဖွဲ့ဝင်များသည် သားဖွားခန်း၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်းနှင့် ဓာတ်ခွဲခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်လူနာများအတွက် ထောက်ပံ့ငွေများပေးအပ်သည်။ **စာမျက်နှာ ၈ ကော်လံ ၃** ✱

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ ၂၈ ရက်)

ပြည်ထောင်စုစိတ်ဓာတ် တိုးပွားခိုင်ကျည်ရေး အခြေခံအဆောက်အအုံများ တိုးချဲ့တည်ဆောက်ပေး

နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသများအပါအဝင် ပြည်နယ်နှင့်တိုင်း ဒေသအားလုံး စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စိုက်ပျိုးရေးစသည့် အခြေခံအဆောက်အအုံများကို ဖြည့်ဆည်းတည်ဆောက်ပေးလျက်ရှိသည်။

ထိုသို့ အခြေခံကောင်းများကို ဖော်ဆောင်ပေးနေခြင်းသည် ဒေသတစ်ခုတည်းသာမက နိုင်ငံတစ်ဝန်းပါ အကျိုးသက်ရောက်လျက်ရှိရာ နိုင်ငံတော်၏စေတနာကို လက်လွတ်မခံဘဲ ဝီရိယစိုက်ထုတ် ဆောင်ရွက်ကြရမည်ဖြစ်သည်။ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးသည် အဓိကကျလျက်ရှိရာ ဒေသတည်ငြိမ်အေးချမ်းရေးရရှိစေရန် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည် ဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းများကလည်း မိမိတို့တာဝန်ကျရာဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကျွမ်းကျင်တတ်မြောက်သည့် ပညာရပ်များဖြင့် ပံ့ပိုးကူညီရင်း လုပ်ငန်းတိုင်း၌ ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာရေး ဦးဆောင်မှုပေးကြရမည် ဖြစ်သည်။

ဒေသနေပြည်သူများ ဝမ်းစာဖူလုံမှုရှိစေရေးအတွက် မြေလွတ်မြေရိုင်းများ ဖော်ထုတ်ကာ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ သုံးစွဲခြင်းဖြင့် ဝမ်းစာပိုလျှံရုံသာမက စီးပွားရေးဖြစ်ထွန်းပြီး တစ်ဦးချင်းဝင်ငွေ တိုးပွားလာမည်ဖြစ်သည်။

ထို့ကြောင့် သဘာဝကပေးအပ်ထားသည့် ရေ၊ မြေ၊ သယံဇာတ အခြေခံကောင်းများကို လက်တွေ့အသုံးချပြီး စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများကို စီးပွားဖြစ် အောင်မြင်ဖြစ်ထွန်းရန် ပြည်သူများက ကြိုးစားလုပ်ကိုင်သွားကြရမည် ဖြစ်သည်။

ယခုကဲ့သို့ နိုင်ငံတော်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများကို တိုးချဲ့တည်ဆောက်ပေးနေခြင်းသည် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ရေးနှင့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအကြား ဖြစ်ထွန်းတည်ရှိပြီးဖြစ်သော ပြည်ထောင်စုစိတ်ဓာတ် တိုးပွားခိုင်ကျည်ရေးအတွက် မြှင့်တင်ဖော်ဆောင်ပေးနေခြင်းဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သမိုင်းဝင်ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်းတည်ဆောက်ရန်ငွေလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၇

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် ၆ ရပ်ကွက် ဇေယျာခေမာလမ်း အမှတ် ၃၄၉-E နေ မိခင်ကြီးဒေါ်ခင်ခင်ကြီးအား အမှူးထား၍ ဦးဘိုဝင်း-ဒေါ်ခင်မျိုးညွန့်၊ သမီး မပြည့်သာခင်မိသားစုက ငွေကျပ်တစ်သိန်းကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအေးမြင့်၊ ဦးသိန်းထွန်းနှင့် ဦးမောင်လှိုင်တို့က လက်ခံကြသည်။**(အောက်ပုံ)**

အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကရုံး ဖုန်း-၆၆၀၀၀၆ သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြား

၂၈-၁-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄:၂၀	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၃၅	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀	၆။	မျိုးချစ်တပ်မတော်
၅:၀၀	၇။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၂၀	၈။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅:၃၀	၉။	ဗွီစီဒီကျော်ကြားတေးများ
၅:၄၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆:၃၅	၁၄။	လျှပ်တစ်ပြက်
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒီလှိုင်းနှင့်အတူ** (အပိုင်း-၁၃)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	မေးမြန်းစူးစမ်း
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပြည်ချစ်သူရဲကောင်း** (အပိုင်း-၂၇)

ကိုယ်အင်္ဂါ ပြန်လည်သန်စွမ်းရေး ဆေးပညာအဖွဲ့ ညီလာခံကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ဆေးပညာအဖွဲ့၏ ပဉ္စမအကြိမ်မြောက် ညီလာခံကို ဖေဖော်ဝါရီ ၁ရက်နှင့် ၂ရက် နံနက် ၉နာရီမှ ညနေ ၄နာရီအထိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ကျင်းပမည်ဖြစ်သည်။

တက်ရောက်

ဆရာဝန်များ၊ ဆေးကျောင်းသားများ၊ သူနာပြုဆရာမများ၊ ခြေတုလက်တု ကျွမ်းကျင်ပညာရှင်များ၊ အကြောကျွမ်းကျင်ပညာရှင်များ၊ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်းနှင့် တက်ရောက်လိုပါက ဖေဖော်ဝါရီ ၁ ရက် နံနက် ၈နာရီတွင် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း၌ မှတ်ပုံတင်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြိုင်ဆရာတော် တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂၇

ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ (ဓမ္မကထိကဗဟုဇနဟိတဓရ)၏တပည့် မြိုင်ဆရာတော် အရှင်ပညာဇောတ ဓမ္မာစရိယနယ်လှည့်ဓမ္မကထိကအရှင်သူမြတ်သည် ဖေဖော်ဝါရီ ၁ရက်နှင့် ၂ရက်တွင် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ကံမြင့်ကျောင်းတိုက် ဓမ္မသဘင်၊ ၄ရက်တွင် ရွှေပြည်သာမြို့ ၁၁ရပ်ကွက် ကေတုမတီပန်းခြံလမ်း ဓမ္မသဘင်၊ ၅ရက်နှင့် ၆ရက်တွင် မွန်ပြည်နယ် သထုံမြို့ ရွှေစာရံဘုရား ဓမ္မသဘင်၊ ၈ရက်တွင် ကမာရွတ်မြို့နယ် မာလာမြိုင်(၈)လမ်း မိဘကျေးဇူးဆပ် ဓမ္မသဘင်၊ ၁၃ရက်တွင် စစ်ကိုင်းတိုင်း ရွှေဘိုမြို့ ထူးကြီးတောင်ရွာ ဦးသန်းဝင်း-ဒေါ်စန်းမြင့် ရှင်ပြုအလှူမဏ္ဍပ်ဓမ္မသဘင်၊ ၁၉ရက်တွင် ပဲခူးတိုင်း အုတ်တွင်းမြို့ ဓမ္မသဘင်နှင့် ၂၀ရက်တွင် ပဲခူးတိုင်း ကျွဲပွဲမြို့ ဓမ္မသဘင်တို့၌ ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။

ပင့်လျှောက်

တရားပွဲပင့်လျှောက်သူများ ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာ ဖုန်း-၅၃၀၀၆၈၊ ၅၀၁၈၄၆၊ လိုင်းခွဲ(၁၈၁)နှင့် မြိုင်ဆရာတော် ဖုန်း-၀၉-၅၀-၄၇၇၆၁ တို့သို့ ဆက်သွယ် ပင့်လျှောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

မောင်နိုင်မင်း ရည်အား ရည်စူး၍ အမှတ် - ၁၁၀ ဝေပုလ္လ ၃ လမ်း ဃရပ်ကွက်မြောက်ဥက္ကလာပမြို့နယ်နေ မိခင်ဒေါ်သန်းသန်းထွန်းနှင့်မောင်နှမတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရနဝကမ္မငွေ ပဒေသာပင် အလှူငွေကျပ် သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာတင်သိန်းလွင် လက်ခံစဉ်။ (က-ပ)

ဇန်နဝါရီ၂၆ရက်က ပုလောမြို့နယ်အသင်း(ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဟိုတယ်နှင့် ခရီးသွားလာရေး မန္တလေးရုံး၌ကျင်းပရာ ၂၀၀၆-၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်တန်း ခြောက်ဘာသာ ဂုဏ်ထူးရှင် မောင်ကောင်းမြတ်တိုးအား အသင်းဥက္ကဋ္ဌဦးမောင်လှက ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

တတိယအကြိမ် ထေရဝါဒ ဓမ္မပူဇာသဘင်

ရန်ကုန် ဇန်နဝါရီ ၂၇

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ၉ ရပ်ကွက် ဇာနည် ၁၄ လမ်းအထက်၌ တတိယအကြိမ်မြောက် ထေရဝါဒ ဓမ္မပူဇာသဘင်ကို ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၂၈ရက် ညနေ ၆ နာရီတွင် ဆရာတော်အရှင်နန္ဒသာမိဘိဝံသ (ကန်ဦးစေတဝန်ကျောင်းတိုက် ဆရာတော်)၊ ၂၉ ရက် ညနေ ၆ နာရီတွင် ဆရာတော် အရှင်ခေမိန္ဒ (စစ်ကိုင်း-ခင်မကန်)တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားကြမည်ဖြစ်သည်။ **(က-ပ)**

စစ်ကိုင်းမြို့ မဟာသုဟောစာရုံကျောင်းတိုက် ရွှေရတုသာသနာအောင်ပွဲ ဆင်နွှဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၇

၁၃၇၀ ပြည့်နှစ် နယုန်လပြည့် မဟာသမယအခါတော်နေ့တွင် ဓမ္မာစရိယဘွဲ့ရ ညီနောင်ရှင်းချာ ရဟန်းတော်ခြောက်ပါးတို့ တည်ထောင်ခဲ့ကြသည့် စစ်ကိုင်းမြို့ မဟာသုဗောဓာရုံကျောင်းတိုက် နှစ်(၅၀)ပြည့် ရွှေရတု သာသနာ အောင်ပွဲကို အာရာမသမုဋ္ဌာပက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တနာရမထေရ်မြတ်နှင့် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ သာသနာပြုတက္ကသိုလ်၊ စစ်ကိုင်းမြို့ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တို့၏ ပါမောက္ခချုပ် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသမထေရ်တို့၏ ဩဝါဒကိုခံယူလျက် သာသနာအောင်ပွဲ ကျင်းပရေးကော်မတီက ဆင်ယင်ကျင်းပမည်ဖြစ်ရာ ဝံသိကအရှင်မြတ်များအနေဖြင့် အရှင်အဘိဇာတာဘိဝံသ(တိပိဋကဓရ) မဟာသုဗောဓာရုံကျောင်းတိုက် စစ်ကိုင်းမြို့ ဖုန်း-၀၇၂-၂၁၃၁၁ သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။ **(က-ပ)**

ကောင်းသောစိတ်၏ခရာ

စိတ်သည် အရာရာကိုဦးဆောင်၏။ တစ်စုံတစ်ယောက်သောသူသည် ကောင်းသောစိတ်အကြံဖြင့် ပြောသောစကား၊ ပြုလုပ်သောအလုပ်တို့ကြောင့် ထိုသူ၏နောက်သို့ (အရိပ်သည် အစဉ်လိုက်ဘိသကဲ့သို့) ချမ်းသာသုခသည် အစဉ်လိုက်လေ၏။

(ဓမ္မပဒ ၂)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာညွန့်ညွန့်ဦး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီး ကြီးမှူး မြန်မာဂလိုဂွန်အထည်ချုပ်စက်ရုံ၌ အသိပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီးက ကြီးမှူး၍ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မြန်မာဂလိုဂွန် အထည်ချုပ်စက်ရုံ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာညွန့်ညွန့်ဦးနှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြန်မာဂလိုဂွန် အထည်ချုပ်စက်ရုံ ဒါရိုက်တာ ဒေါ်ခိုင်မီမီဝင်းနှင့် အမျိုးသမီးဝန်ထမ်းများ တက်ရောက်ကြသည်။

အဆိုပြုလွှာပေးအပ်

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာညွန့်ညွန့်ဦးက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကို ဟောပြောဆွေးနွေးသည်။

ပေးအပ်

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီး ဒုတိယခေါင်းဆောင် ဒေါ်သိန်းသိန်းညွန့်က ဥပဒေနှင့် ယဉ်ကျေးမှုအကြောင်း၊ စည်းရုံးရေးရာဌာနကြီး အတွင်းရေးမှူး ဒေါက်တာမြတ်လေးကျင်က HIV/AIDSအကြောင်း သိကောင်းစရာတို့ကို ဟောပြောဆွေးနွေးကြပြီးနောက် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းမြင့်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ အဖွဲ့ဝင်အဆိုပြုလွှာ ၆၀၀ ကို စည်းရုံးရေးရာဌာနကြီး ဌာနကြီးမှူးထံ ပေးအပ်ပြီး အခမ်းအနားကို ရုတ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေပြည်သာမြို့နယ် စက်ရုံများ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၇

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများ လိုက်ပါလျက် ရန်ကုန်တိုင်း ရွှေပြည်သာစက်မှုဇုန်ရှိ AGM Asian Myanmar Cable Wire စက်ရုံသို့ ရောက်ရှိရာ စက်ရုံရှင်းလင်းခန်းမ၌ ဝန်ကြီးနှင့် အဖွဲ့အား AGM Asian Myanmar Cable Wire စက်ရုံမန်နေဂျင်းဒါရိုက်တာ ဦးရှောင်စန်းက အရည်အသွေးကောင်းမွန်သော ကုန်ကြမ်းများကိုအသုံးပြု၍ ဓာတ်အားလိုင်းသုံး ACSR ကြိုးအမျိုးမျိုးနှင့် မီးကြိုးဝိုင်ယာအမျိုးအမျိုးတို့ကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

လိုက်လံကြည့်ရှုစစ်ဆေး

ရှင်းလင်းတင်ပြမှုများအပေါ် ဝန်ကြီးက နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့်မားသော Cable Wire ကြိုးများ ထုတ်လုပ်သွားရေး မှာကြားပြီး စက်ရုံအတွင်း ကြေးနီကြိုးနှင့် ဝိုင်ယာကြိုးအမျိုးမျိုး၊ Cable Wire ကြိုးနှင့် အိမ်သုံးဝိုင်ယာကြိုးအမျိုးမျိုး ထုတ်လုပ်မှုအဆင့်ဆင့်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း၏ စတုတ္ထအကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် မိတ်ဆုံညစာစားပွဲကို ဖေဖော်ဝါရီ ၁ ရက် (သောကြာနေ့) ညနေ ၅ နာရီတွင် ပြည်လမ်း ၆ မိုင်ခွဲ ရှိ IBC ခန်းမ၌ ကျင်းပမည်ဖြစ်ပြီး အသင်းဝင်များနှင့် ဘူမိဗေဒ ကျောင်းသူ ကျောင်းသားဟောင်းများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။ (က-ပ)

ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ မန္တလေးမြို့ ရွှေမန်းတောင်ဂေါက်ကလပ်၌ ကျင်းပမည်

GRAND ROYAL
SPECIAL RESERVE
Golf Championship

ရန်ကုန် ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co., Ltd. က အဓိက ကူညီပံ့ပိုးသော ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ လက်ရည်စစ်ပြိုင်ပွဲ (Grand Royal Special Reserve Golf Championship 2008 Qualify Round)ကို ဖေဖော်ဝါရီ ၉ ရက်နှင့် ၁၀ ရက်တို့တွင် မန္တလေးမြို့ရှိ ရွှေမန်းတောင်ဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်သည်။

ကျင်းပမည်

အဆိုပါပြိုင်ပွဲတွင် စိန့်အင်ဒရူးဥပဒေသ (ST.Andrews) နှင့် ဒေသန္တရ စည်းမျဉ်းဥပဒေများအတိုင်း လိုက်နာကျင့်သုံးသွားမည်ဖြစ်ပြီး ပြိုင်ပွဲကို အချက်အကျောပေးပြိုင်ပွဲ System (36) ဖြင့် ကျင်းပသွားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အချက်အကျောမဲ့ပြိုင်ပွဲမှ အကောင်းဆုံးရိုက်ချက် ဂေါက်သီးရိုက် အားကစားသမားငါးဦးတို့အား ဗိုလ်လုပွဲစဉ် (Final Round) အတွက် ရွေးချယ်မည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲတွင် Main Sponsor အဖြစ် International Beverages Trading Co.,Ltd. ဖြစ်ပြီး Co-Sponsors များအဖြစ် Dusit Inya Lake Hotel, Srixon နှင့် Alpine (Purified Drinking Water) တို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီကြမည်ဖြစ်ကာ ပြိုင်ပွဲဖြစ်မြောက် အောင်မြင်ရေးအတွက် (Han Event Management) က တာဝန်ယူ ဆောင်ရွက်ပေးမည် ဖြစ်သည်။

ဆက်သွယ်စာရင်းပေးသွင်း

ပါဝင်ယှဉ်ပြိုင်လိုသော အပျော်တမ်းအဆင့် အမျိုးသားဂေါက်သီးရိုက် အားကစားသမားများသည် ဖေဖော်ဝါရီ ၆ ရက် နောက်ဆုံးထား၍ ရွှေမန်းတောင်ဂေါက်ကလပ် ဖုန်း-၀၂-၆၀၅၇၀ သို့ ဆက်သွယ် စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အထက(၁)သထုံ အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၇

အထက(၁) သထုံကျောင်းသားကျောင်းသူဟောင်းများ၏ အသက် ၆၀ အထက်အငြိမ်းစားဆရာကြီး ဆရာမကြီးများအား မြတ်ဆရာပူဇော်ပွဲကို မတ် ၂၂ ရက်(စနေနေ့) နံနက်၉နာရီတွင် အထက(၁) နဝဒေးခန်းမတွင် ကျင်းပမည်ဖြစ်သည်။ အလှူငွေ ပါဝင်လှူဒါန်းလိုသူများသည် ကျောင်းအုပ်ကြီး အထက(၁)သထုံ ဖုန်း-၀၅၇-၄၀၀၄၀၊ ဦးစိုးလွင်-ဒေါ်သီသီမြင့် ဖုန်း-၀၅၇-၄၀၀၇၇၊ ဒေါက်တာပြုံးချို ဖုန်း-၀၅၇-၄၀၁၁၇၊ ဒေါက်တာဟာဆံ ဖုန်း-၀၅၇-၄၀၂၉၈၊ ဦးဝင်းအောင် ဖုန်း-၀၅၇-၄၀၁၉၄ နှင့် ဦးရဲထွဋ် ဖုန်း-၀၅၇-၄၀၂၈၁ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၃၃)ရပ်ကွက်ရှိ ဘဝရှေ့ဆောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်လှစ်ခြင်း သုံးနှစ်မြောက် နှစ်ပတ်လည်အခမ်းအနားနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ နယ်လှည့်စာကြည့်တိုက် ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးစိုးညွန့်၊ မြို့နယ်ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်မျိုးသန်းနှင့် စာကြည့်တိုက်ဥက္ကဋ္ဌ ဦးအောင်ပုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကင်ညာ၌ နိုင်ငံရေးအကျပ်အတည်းနှင့်ရင်ဆိုင်နေရ ရွေးကောက်ပွဲရလဒ်အပေါ်အငြင်းပွားမှု လူ ၇၀၀ ကျော် သေဆုံးခဲ့

နိုင်ရိုဘီ ဇန်နဝါရီ ၂၇

ကင်ညာနိုင်ငံတွင် နိုင်ငံရေးတင်းမာမှုများကြောင့် အပြန်အလှန် အကြမ်းဖက်တိုက်ခိုက်မှု(အောက်ပုံ)**များ ဖြစ်ပွားပြီး ပြည်သူများ ဘေးဒုက္ခဆိုးနှင့် အကြီးအကျယ် ရင်ဆိုင်နေရသည်။ ဒီဇင်ဘာ ၂၇ရက်က ကျင်းပခဲ့သော ရွေးကောက်ပွဲရလဒ်အပေါ်အငြင်းပွားမှုကြောင့် လူပေါင်း ၇၀၀ကျော် သေဆုံးခဲ့ပြီးဖြစ်သည်။**

ယင်းအတွက် သမ္မတ ကီဘာကီနှင့် အတိုက်အခံခေါင်းဆောင် အိုဒင်ဂါတို့ ပထမအကြိမ် တွေ့ဆုံကာ အကြမ်းဖက်မှုကို အဆုံးသတ်ရန် ဆွေးနွေးခဲ့ကြသည်ဟု ဆိုသည်။

လက်ခံယုံကြည်

ယင်းရွေးကောက်ပွဲတွင် သမ္မတ ကီဘာကီက ၎င်းအနေဖြင့် မှန်ကန်သော ရွေးကောက်ပွဲဖြစ်၍ သမ္မတဖြစ်ထိုက်သည်ဟု လက်ခံယုံကြည်ထားသည်။ သို့သော်လည်း အတိုက်အခံခေါင်းဆောင် အိုဒင်ဂါက သမ္မတ ကီဘာကီသည် မဲလိမ်လည်သူအဖြစ် ရှုမြင်ထားသည်။

မတရားနည်းလမ်း

ကီဘာကီသည် ရွေးကောက်ပွဲတွင် ရှုံးသော်လည်း မတရားသောနည်းလမ်းဖြင့် သမ္မတဖြစ်လိုနေကြောင်း အိုဒင်ဂါက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ဘရာဇီးနိုင်ငံ ဆော့ပေါလိုမြို့၌ ဈေးရောင်းပွဲတော် ကာလအတွင်း စားဖိုမှူးများက အရှည် ၄၅၄ မီတာရှိသည့် ကိတ်မုန့် စုပေါင်းပြုလုပ်နေသည်ကို ဇန်နဝါရီ ၂၅ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

လတ်ဗီးယားသံတမန်တစ်ဦးအား ရုရှားနိုင်ငံက နှင်ထုတ်ခဲ့

မော်စကို ဇန်နဝါရီ ၂၇

ယခုသီတင်းပတ် အစောပိုင်းက ဘောလ်တစ်နိုင်ငံမှ ရုရှားသံရုံးတာဝန်ရှိသူတစ်ဦးအား နှင်ထုတ်ခဲ့ပြီးနောက် ရုရှားနိုင်ငံက လတ်ဗီးယားသံတမန်တစ်ဦးအား နှင်ထုတ်လိုက်ကြောင်း ဇန်နဝါရီ ၂၅ရက်တွင် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှထုတ်ပြန်သော ကြေညာချက်၌ဖော်ပြသည်။

ထွက်ခွာရမည်

လတ်ဗီးယား သံအမတ်အား ရုရှားနိုင်ငံခြားရေးဝန်ကြီးရုံးက ဇန်နဝါရီ ၂၅ရက်တွင် တွေ့ဆုံပြီး နှစ်ရက်အတွင်း ရုရှားနိုင်ငံမှ ထွက်ခွာရမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

ပြောကြား

လတ်ဗီးယားနိုင်ငံက ရုရှားသံတမန်အား ဇန်နဝါရီ ၂၁ရက်က နှင်ထုတ်ခဲ့ကြောင်း လတ်ဗီးယားနိုင်ငံခြားရေးရုံးက ပြောကြားသည်။

နှင်ထုတ်ခဲ့

လတ်ဗီးယားနိုင်ငံသည် ၂၀၀၄ ခုနှစ်က နေတိုးအဖွဲ့သို့ ဝင်ရောက်ခဲ့ပြီးနောက် ပထမဆုံးအကြိမ် ရုရှားသံတမန်ကို နှင်ထုတ်ခဲ့ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အရက်သောက်သုံးခြင်းကြောင့်သေဆုံးသူ ဗြိတိန်၌ အရေအတွက်မြင့်မားလာ

လန်ဒန် ဇန်နဝါရီ ၂၇

ဗြိတိန်နိုင်ငံ၌ အရက်သောက်သုံးခြင်းကြောင့် သေဆုံးသူ အရေအတွက် ပိုမိုမြင့်မားလာကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ယင်းနိုင်ငံ၌ အရက်နှင့် ဆက်စပ်သော ရောဂါများဖြစ်ပွား၍ ၂၀၀၅ ခုနှစ်က လူ၁၀၀၀လျှင် ၁၂ ဒသမ ၉ဦးနှုန်း သေဆုံးနေရာမှ ၂၀၀၆ခုနှစ်တွင် ၁၃ဒသမ၄ဦး သေဆုံးလျက်ရှိကြောင်း တရားဝင်ထုတ်ပြန်သော စာရင်းဇယားများတွင် ဖော်ပြသည်။

တိုးတက်များပြား

သေဆုံးသူများတွင် လူ၁၀၀၀၀၀ ရှိလျှင် အရက်ကြောင့် သေဆုံးသူ ၁၈ဒသမ၈ဦးနှုန်းရှိကြောင်း၊ အမျိုးသမီးများအရက်ကြောင့် သေဆုံးမှု နှစ်ဆကျော် တိုးတက်များပြားလာကြောင်း၊ အမျိုးသမီးအရက်သုံးစွဲသူ ၁၀၀၀၀၀ ရှိလျှင် ၈ဒသမ၈ဦးနှုန်း သေဆုံးနေကြောင်း သိရသည်။

စာရင်းဇယား

၁၉၉၁ခုနှစ်က လူ၁၀၀၀၀၀လျှင် ၆ဒသမ၉ဦးနှုန်း သေဆုံးရာမှ နှစ်ဆတိုးလာကြောင်း စာရင်းဇယားများက ဖော်ပြသည်။

သေဆုံး

၂၀၀၆ ခုနှစ်က ဗြိတိန်နိုင်ငံ၌ အရက်ကြောင့် သေဆုံးသူ ၈၇၅၈ဦး ရှိခဲ့သည်။ ၁၉၉၁ခုနှစ်က သေဆုံးသူပေါင်းမှာ ၄၁၄၄ဦးရှိခဲ့သည်ဟု ဆိုသည်။

(အင်တာနက်)

သီရိလင်္ကာတပ်ဖွဲ့ များ သူပုန်များကို လေကြောင်းမှ ပုံးကြဲတိုက်ခိုက်

ကိုလံဘို ဇန်နဝါရီ ၂၇

သီရိလင်္ကာစစ်လေယာဉ်များသည် ဇန်နဝါရီ ၂၅ရက်က နိုင်ငံမြောက်ပိုင်း ဝေးလံသောဒေသရှိ သူပုန်တို့၏ အခြေစိုက်စခန်းကို ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း သီရိလင်္ကာစစ်ဘက်က ပြောကြားသည်။

ခုနစ်ဦးသေဆုံး

သီရိလင်္ကာနိုင်ငံတွင် ပြည်တွင်းစစ်ပွဲဖြစ်ပွားမှု ၂၅နှစ်တာကာလအတွင်း လွန်ခဲ့သည့်ရက်သတ္တပတ်က အီအယ်လ်အမ်တမီးလ်ခွဲထွက်ရေး ကျားသူပုန်များနှင့် တရားဝင် အပြစ်အခတ် ရပ်စဲခဲ့ပြီးနောက် ဇန်နဝါရီ ၂၄ရက်က ဖြစ်ပွားခဲ့သော ယင်းတိုက်ပွဲများတွင် တပ်ဖွဲ့ဝင်ခုနစ်ဦးသေဆုံးခဲ့သည်။

အတည်ပြုပြောကြား

သီရိလင်္ကာ၏ မြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများရှိ တမီးလ်လူမျိုးအနည်းစု၏ လွတ်လပ်ရေးအတွက် တိုက်ခိုက်နေသော ယင်းအကြမ်းဖက်သမားများ၏ မြို့တော်မှာ ကီလီနို့ချ်ဖြစ်ကြောင်း၊ မိမိတို့၏ လေကြောင်းစီးနင်းတိုက်ခိုက်မှု အောင်မြင်ကြောင်း လေယာဉ်မှူးများက အတည်ပြု ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ရှန်ဟိုင်း ကုန်ထုတ်လုပ်မှု ၂၀၁၂ ခုနှစ်၌ ဒေါ်လာ ၂၇၆ဘီလီယံအထိရှိလာနိုင်

ရှန်ဟိုင်း ဇန်နဝါရီ ၂၇

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ၂၀၁၂ ခုနှစ်အရောက်တွင် ပြည်တွင်းကုန်ထုတ်လုပ်မှုတန်ဖိုးမှ ယွမ်ငွေနှစ်ထရီလီယံနှင့် အမေရိကန်ဒေါ်လာ ၂၇၆ဘီလီယံအထိ ရရှိရန် ရည်မှန်းထားကြောင်း ဇန်နဝါရီ ၂၄ရက်က မြို့တော်ဝန်ဟန်ကျိုက ပြောကြားသည်။

ရည်မှန်းထားရှိ

၎င်းရည်မှန်းချက်ကို ရှန်ဟိုင်းမြို့၌ ကျင်းပသည့် ဥပဒေပြုရေးအဖွဲ့၏ လွှတ်တော်အစည်းအဝေးတစ်ရပ်တွင် ဟန်က အဆိုပြု ပြောကြားသွားသည်။ ၂၀၀၇ ခုနှစ်အတွင်း ရှန်ဟိုင်းမြို့၏ ပြည်တွင်းကုန်ထုတ်လုပ်မှု ပမာဏအရ ယွမ်ငွေ ၁ ဒသမ ၂ ထရီလီယံဝင်ငွေရရှိရာ ၂၀၁၂ ခုနှစ်တွင် ယွမ်ငွေ ၁၀၀၀၀၀ တိုးမြှင့်ရရှိနိုင်ရန် ရည်မှန်းထားရှိသည်။

ရှန်ဟိုင်းမြို့၏ ပြည်တွင်းကုန်ထုတ်လုပ်မှုကဏ္ဍမှ ရရှိသည့် ဝင်ငွေပမာဏ၏ သုံးရာခိုင်နှုန်းကို ၎င်းမြို့၏ သဘာဝပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း၏ တည်ဆောက်ရေးကဏ္ဍတွင် ဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြောင်း ထပ်လောင်းပြောကြားသည်။

အရေးပါဆုံးမြို့

တရုတ်နိုင်ငံ၏ ပြည်ပသွင်းကုန်၊ ထုတ်ကုန် ကုန်သွယ်မှုလုပ်ငန်းများတွင် ရှန်ဟိုင်းမြို့သည် အဓိကအရေးပါဆုံးမြို့ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ လွှတ်တော်အစည်းအဝေးတစ်ရပ် ကျင်းပနေသည်ကို ဇန်နဝါရီ ၂၄ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဗင်နီဇွဲလားနိုင်ငံအား စစ်ရေးအရတိုက်ခိုက်ရန် ကိုလံဘီယာနှင့် အမေရိကန် ပူးပေါင်းကြံစည်နေဟုဆို

ကာရာကက် ဇန်နဝါရီ ၂၇

ကိုလံဘီယာအစိုးရသည် အမေရိကန်နှင့်ပေါင်းပြီး ဗင်နီဇွဲလားနိုင်ငံကိုတိုက်ခိုက်ရန် ကြိုးစားနေကြောင်း ဗင်နီဇွဲလား သမ္မတ ဟူဂိုချာဗက်ဇ်က ဇန်နဝါရီ ၂၅ ရက်တွင် ပြောကြားလိုက်သည်။

ကိုလံဘီယာနိုင်ငံက အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်အား ဇန်နဝါရီ ၂၅ ရက်၌ပင် လက်ခံတွေ့ဆုံခဲ့သည်။

ကိုလံဘီယာအစိုးရသည်အကွက်ချပူးပေါင်းကြံစည်နေကြောင်း၊ မြောက်အမေရိကအင်ပါယာ၏ လက်ကိုင်တုတ်ဖြစ်နေကြောင်း၊ ဗင်နီဇွဲလား နိုင်ငံအား စစ်ရေးအရတိုက်ခိုက်ရန် ကြံစည်နေကြောင်း ချာဗက်ဇ်က သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ သတင်းထောက်များအား ပြောကြားသည်။

မိမိအနေဖြင့် ကိုလံဘီယာအစိုးရနှင့် ဗင်နီဇွဲလားနိုင်ငံတို့ ပုံမှန်ဆက်ဆံရေးဖြစ်ရန် အလွန်ခက်ခဲသွားပြီဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ခြိမ်းခြောက်

ကိုလံဘီယာနိုင်ငံ၌ အမေရိကန်တပ်များ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်ရှိနေခြင်းမှာ ဗင်နီဇွဲလားအား စစ်ရေးအရ ခြိမ်းခြောက်နေခြင်းသာ ဖြစ်ကြောင်း ချာဗက်ဇ်က ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် အဝေးပြေးလမ်းမကြီးဘေးတွင် ဇန်နဝါရီ ၂၆ ရက်က ငါးဦးသေဆုံးခဲ့သည့် ယာဉ်တိုက်မှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ရဲအဖွဲ့က ကြည့်ရှုစစ်ဆေးစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန် အမျိုးသမီးတစ်ဦး အာဖဂန်၌ ပြန်ပေးဆွဲခံရ

ကဘူးလ် ဇန်နဝါရီ ၂၇

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း၌ အမေရိကန် အကူအလုပ်သမတစ်ဦး အလုပ်လုပ်ရန်အသွား ပြန်ပေးဆွဲခံရကြောင်း ဇန်နဝါရီ ၂၆ ရက်က အင်တာနက် သတင်းတွင် ဖော်ပြသည်။

ပြန်ပေးဆွဲ

အဆိုပါအမျိုးသမီးအား ကန်ဒါဟာမြို့ပြင်၌ အမည်မသိ သေနတ်သမားများက ပြန်ပေးဆွဲသွားကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး အဗ္ဗဒူလ်လာခါလစ်က ပြောကြားသည်။

ယင်းအမျိုးသမီးအား ရဲနှင့်ထောက်လှမ်းရေးအရာရှိများက အပူတပြင်းလိုက်လံရှာဖွေကြောင်း မစ္စတာခါလစ်က ပြောကြားသည်။

အရှိန်မြှင့်တိုက်ခိုက်

အာဖဂန်နစ္စတန်နိုင်ငံ၌ ၂၀၀၁ခုနှစ်က တာလီဘန်အစိုးရပြုတ်ကျပြီးနောက် လွန်ခဲ့သောနှစ်နှစ်ကစ၍ အကြမ်းဖက်တိုက်ခိုက်မှုများ အရှိန်မြှင့်တိုက်ခိုက်လာခဲ့သည်။ **(အင်တာနက်)**

ပါကစ္စတန် နျူကလီးယား လက်နက်များရှိရာနေရာ လုံခြုံရေး တိုးမြှင့်ချထား

အစ္စလာမ္မာဘတ် ဇန်နဝါရီ ၂၇

ပါကစ္စတန်နိုင်ငံ၌ အစ္စလာမ္မစ်စစ်သွေးကြွများက နျူကလီးယားအဆောက်အအုံများကို တိုက်ခိုက်လာနိုင်ခြင်းကြောင့် လုံခြုံရေးတိုးမြှင့်ချထားရကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

သို့ရာတွင် နျူကလီးယားအဆောက်အအုံနေရာများကို အတိအကျခြိမ်းခြောက်ခြင်းမဟုတ်ကြောင်း စစ်ဘက်ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပြောကြား

တာလီဘန်သို့မဟုတ် အယ်လ်ခိုင်ဒါတို့သည် ပါကစ္စတန်နိုင်ငံက ပိုင်ဆိုင်သော ခန့်မှန်း နျူကလီးယားထိပ်ဖူး ၅၀ ကို လွှဲပြောင်းရယူနိုင်လိမ့်မည်မဟုတ်ကြောင်း ၎င်းကပြောကြားသည်။

ထိန်းချုပ်ရေးစနစ်

ပါကစ္စတန်နိုင်ငံရှိ နျူကလီးယားလက်နက်များကို **(ယာပုံ)** ထိန်းချုပ်ရေးစနစ် အမျိုးမျိုးချထားကြောင်း ဒုတိယဗိုလ်ချုပ်ကြီးကစ်ဝေက နိုင်ငံခြားသတင်းထောက်များအား ပြောကြားသည်။

တိုက်ခိုက်လာနိုင်

အစ္စလာမ္မစ် စစ်သွေးကြွများသည် မကြာသေးသည့်လများက စစ်ဘက်ဆိုင်ရာတာဝန်ရှိသူများအား စတင်တိုက်ခိုက်လာကြောင်း၊ နျူကလီးယား လက်နက်များထားရှိရာနေရာများအား ပစ်မှတ်ထားတိုက်ခိုက်လာဖွယ်ရှိကြောင်း ၎င်းက ပြောကြားသည်။ **(အင်တာနက်)**

ဂိုင်ယာနာ၌ ပစ်ခတ်မှုဖြစ်ပွား ၁၁ ဦးသေဆုံး

ဂျော့ဂျ်တောင်း (ဂိုင်ယာနာ) ဇန်နဝါရီ ၂၇

ဂိုင်ယာနာနိုင်ငံ မြို့တော်ဂျော့တောင်း၌ ဇန်နဝါရီ ၂၆ ရက်က အကြမ်းဖက်ပစ်ခတ်မှုတစ်ရပ် ဖြစ်ပွားခဲ့ရာ အနည်းဆုံး ကလေးသုံးဦးအပါအဝင် ၁၁ ဦး သေဆုံးသွားကြောင်း အင်တာနက် သတင်းတွင် ဖော်ပြသည်။

တိုက်ခိုက်

အဆိုပါမြို့အရှေ့ပိုင်းရှိ ရွာတစ်ရွာကို သေနတ်သမားများက ဝင်ရောက်စီးနင်းတိုက်ခိုက်ပြီး နေအိမ်အချို့ကို မီးရှို့သွားသည်ဟု ဆိုသည်။

အဆိုးရွားဆုံး

ယင်းလူသတ်မှုကြီးသည် အနှစ် ၃၀ ကျော်အတွင်း တောင်အမေရိကတိုက်၌ အဆိုးရွားဆုံးသော လူသတ်မှုကြီးပင်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ပြောကြား

၎င်းဖြစ်ရပ်ကို အစိုးရကအလိုရှိနေသော ရွှန်ဒေးလ်ရောလင်းစ်၏ လက်ချက်ဖြစ်နိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

စွပ်စွဲ

ရွှန်ဒေးလ်ရောလင်းစ်သည် ဂိုင်ယာနာစစ်သားဟောင်းဖြစ်သည်။ ရောလင်းစ်က ၎င်း၏ချစ်သူကို အစိုးရတပ်များက ပြန်ပေးဆွဲ ထားသည်ဟု စွပ်စွဲထားသည်။ **(အင်တာနက်)**

အင်္ဂလန် မြောက်ပိုင်း၌ မုန်တိုင်းတိုက်ခတ် သစ်ပင်များလဲကျပြီး ဓာတ်အားပြတ်တောက်

လန်ဒန် ဇန်နဝါရီ ၂၇

အင်္ဂလန်နိုင်ငံ မြောက်ပိုင်း၌ ဇန်နဝါရီ ၂၅ ရက်က လေပြင်းမုန်တိုင်းကျရောက်ခဲ့မှုကြောင့် သစ်ပင်များလဲကျ၍ လျှပ်စစ်ဓာတ်အားလိုင်းများ ပျက်စီးကာ နေအိမ်အလုံး ၃၀၀၀၀ ကျော် ဓာတ်အားပြတ်တောက်ခဲ့ရကြောင်း အင်တာနက် သတင်းတွင် ဖော်ပြသည်။

ဖော်ပြထား

ယင်းလေပြင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ရထားများ ပြေးဆွဲခြင်းကိုလည်း ပယ်ဖျက်လိုက်ရကြောင်း၊ လော်လီကား ၁၁ စီးလည်း တိမ်းမှောက်ခဲ့ရကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

စေလွှတ်

မုန်တိုင်းတိုက်ခတ်ရာ ယော့ရှိုင်းယားနှင့် လင်ကွန်းရှိုင်းယားသို့ လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိရန် အင်ဂျင်နီယာများ စေလွှတ်ထားသည်ဟု ဆိုသည်။ **(အင်တာနက်)**

လေပြင်းမုန်တိုင်း တိုက်ခတ်

အင်္ဂလန်နိုင်ငံ မြောက်ပိုင်းဒေသများ၌ လေပြင်းမုန်တိုင်း တိုက်ခတ်သဖြင့် အဝေးပြေးလမ်းမပေါ်ရှိ ကုန်တင်ကားများ တိမ်းမှောက်မှုဖြစ်ပွားနေသည်ကို ဇန်နဝါရီ ၂၄ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

သန္ဓေတားဆေးလုံး တိုက်ကျွေးခြင်း သားအိမ်ကင်ဆာ ကာကွယ်နိုင်

အောက်စဖို့ဒ် ဇန်နဝါရီ ၂၇

လွန်ခဲ့သော အနှစ် ၅၀ ကျော်က ကမ္ဘာတစ်ဝန်း၌ သားအိမ်ကင်ဆာဖြစ်ပွားသူ အမျိုးသမီး ၁၀၀၀၀၀ ခန့်အား သန္ဓေတားဆေးလုံး တိုက်ကျွေးခြင်းဖြင့် အသက်ကယ်တင်ပေးနိုင်ခဲ့ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အဆိုပါဆေးသည် နှစ်စဉ် ရောဂါအသစ်ဖြစ်ပွားမည့်သူ ၃၀၀၀၀ အား ကာကွယ်ပေးနိုင်ကြောင်း အောက်စဖို့ဒ် တက္ကသိုလ်မှ သုတေသနပြုလေ့လာရေးအဖွဲ့က ပြောကြားသည်။

ကာကွယ်နိုင်

ယင်းလေ့လာတွေ့ရှိချက်ကို သုတေသနအဖွဲ့က(၄၅)ကြိမ်တိုင် လေ့လာဆန်းစစ်ခဲ့ရာမှ တွေ့ရှိခဲ့သည်ဟု ဆိုသည်။

သားအိမ်ခေါင်းကင်ဆာ ဖြစ်ပွားနေသော အမျိုးသမီးတစ်ဦးသည် သန္ဓေသားကာကွယ်ဆေးကို သောက်ခြင်းဖြင့် ဆယ်စုနှစ်ကျော်မျှ ကင်ဆာရောဂါဖြစ်ပွားခြင်းမှ ကာကွယ်ပေးနိုင်သည်ဟု ဆိုသည်။ **(အင်တာနက်)**

28-1 (05) 1 1/28/08, 3:40 AM

တောင်ကယ်ရိုလိုင်းနားပြည်နယ်၌ အိုဘားမား အနိုင်ရ ဟီလာရီကလင်တန် ထောက်ခံမဲ ၂၇ရာခိုင်နှုန်းသာရခဲ့

ချာလီစတန် ဇန်နဝါရီ ၂၇

တောင်ကယ်ရိုလိုင်းနားပြည်နယ်၏ ဇန်နဝါရီ ၂၆ရက်က နောက်ဆုံးပြုလုပ်ခဲ့သော ဒီမိုကရက်တစ်ပါတီအကြို သမ္မတလောင်းရွေးချယ်ပွဲ၌ လူမည်းအများစုက အိုဘားမားကို ဆန္ဒပေးခဲ့ကြသဖြင့် အိုဘားမားက ၅၅ရာခိုင်နှုန်းထောက်ခံ မဲရရှိပြီး ဟီလာရီကလင်တန်က ၂၇ရာခိုင်နှုန်းရရှိကာ ဂျွန်အက်ဝပ်က ၁၈ရာခိုင်နှုန်း ရရှိသည်။

ဖော်ပြ

အမေရိကန်နိုင်ငံ တောင်ကယ်ရိုလိုင်းနားပြည်နယ်၏ ဒီမိုကရက်တစ် သမ္မတလောင်း ရွေးကောက်ပွဲတွင် ဘာရက်အိုဘားမားက ပြိုင်ဘက် ဟီလာရီ ကလင်တန်ထက် ၁၃မှတ်အသာဖြင့်ဦးဆောင်လျက်ရှိကြောင်း ဇန်နဝါရီ ၂၆ရက်က ထုတ်ပြန်သော လူထုမဲဆန္ဒသတင်းတစ်ရပ်၌ ဖော်ပြသည်။

အသာရ

လူထုမဲဆန္ဒပေးမှုအရ အိုဘားမားက ဟီလာရီကလင်တန်ထက် ထောက်ခံမဲ အသာရရှိပြီး ဂျွန်အက်ဝပ်က ထောက်ခံမဲ ၂၁ရာခိုင်နှုန်းရရှိ ခဲ့သည်။ အမေရိကန် နိုင်ငံ၏ ပထမဆုံး လူမည်းသမ္မတဖြစ်လာနိုင်သော အိုဘာမားသည် တောင်ကယ်ရို လိုင်းနားပြည်နယ်၌ ကနဦးသုံးရက်တွင် ၁၈ရာခိုင်နှုန်းအထိ ဟီလာရီ ကလင်တန် ထက် အသာရရှိခဲ့သည်။

အသာစီးမရသေး

လက်ရှိ အနေအထားအရ လာမည့် နိုဝင်ဘာတွင်ပြုလုပ်မည့် အမေရိကန် သမ္မတရွေးကောက်ပွဲ၌ ဒီမိုကရက်တစ်ပါတီ သမ္မတလောင်းအဖြစ် အိုဘားမားနှင့် ဟီလာရီကလင်တန်တို့ မည်သူမျှ အသာစီးမရသေးဘဲ အပြိုင်ဖြစ်နေသည်။

(အင်တာနက်)

သမ္မတလောင်းအိုဘားမားနှင့် ဇနီး

တောင်ကယ်ရိုလိုင်းနားပြည်နယ်၌ အနိုင်ရရှိခဲ့သော ဒီမိုကရက်တစ်ပါတီ သမ္မတလောင်း အိုဘားမားနှင့် ၎င်း၏ဇနီးတို့အား တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

လှုပ်လှုပ်ရှားရှား အင်တာနက်ပုံရိပ်များ

တရုတ်နိုင်ငံမြောက်ပိုင်း ရှန်စီပြည်နယ်တွင် ဇန်နဝါရီ ၂၆ ရက်က အအေးဓာတ်လွန်ကဲမှုကြောင့် မြစ်ဝါမြစ်အတွင်း ရေများခဲနေသည့် မြင်ကွင်း....။

(အင်တာနက်ဓာတ်ပုံ)

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့တွင် ဇန်နဝါရီ ၂၆ရက်က အင်အားပြင်းထန်သော ကားဗုံးပေါက်ကွဲမှုဖြစ်ပွားသည့် နေရာ၌ ချိုင့်ကျင်းကြီးဖြစ်သွားပြီး မော်တော်ယာဉ်များ ပျက်စီးနေသည့်မြင်ကွင်းကို ဤသို့တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

ဟောလိဝုဒ်ရုပ်ရှင်ထူးချွန်ဆုပေးပွဲကျင်းပမည့် ဖေဖော်ဝါရီ ၂၄ရက်အတွက် ကြိုတင်ရင်ခုန်သံ

လော့အိန်ဂျလိစ် ဇန်နဝါရီ ၂၇

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ရှိ ကိုဒတ်ကဇာတ်ရုံကြီးတွင် ဖေဖော်ဝါရီ ၂၄ရက်၌ ၂၀၀၇ခုနှစ်အတွက် အကောင်းဆုံး ရုပ်ရှင်ထူးချွန်ဆုဖြစ်သည့် အကြိမ်(၈၀)မြောက် အော်စကာဆုပေးပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ ကမ္ဘာ့ရုပ်ရှင်ဝါသနာအိုးများအတွက် ကြိုတင်ရင်ခုန်နိုင်စေရန် အော်စကာဆုအတွက် ရေပန်းစားနေသည့်စာရင်းကို ဖော်ပြလိုက်ပါသည်။

အမျိုးသား ဇာတ်ဆောင်ဆုတွင် ဂျော့ကလိုနေး၊ ဒန်နီယယ်ဒေးလူးဝစ်၊ ဂျွန်နီဒိ(ပ်)၊ တော်မီလီဂျုံးစ်၊ ဗစ်ဂို မော်တင်ဆင်တို့ အော်စကာဆုရရန် ရေပန်းစားနေသည်။

အမျိုးသားဇာတ်ပို့ဆုတွင် ကာဆေး အက်ဖ်လက်ခ်၊ ဂျာဗီယာဘာဒမ်၊ ဖိလစ်ဆေမော်ဟော့ဖ်မန်၊ ဟယ်လ်ဟိုဘရွတ်ခ်နှင့် တွမ်ဝီလ်ကင်ဆန်တို့ ရေပန်းစားနေသည်။

အမျိုးသမီး ဇာတ်ဆောင်ဆုတွင် ကိတ်ဘလန်ချက်၊ ဂျူလီခရစ္စတီ၊ မာရီယွန်ကော်တီလ်လာ့ဒ်၊ လော်ရာလင်နေးနှင့် အယ်လင်ပေ့ဂျ်တို့ ထိပ်ဆုံးမှ ရေပန်းစားနေသည်။

အမျိုးသား ဇာတ်ဆောင်ဆုတွင် ရေပန်းစားနေသည့် "Michael Clayton" **ဇာတ်ကားမှ ဂျော့ကလိုနေး။**

ထိပ်ဆုံးမှပြေး

အမျိုးသမီးဇာတ်ပို့ဆုတွင် ကိတ်ဘလန်ချက်၊ ရူဘီဒီး၊ ဆာအိုအီဆီရိုနန်၊ အေမီရိုင်ယန်နှင့် တီလ်ဒါဆွင်တန်တို့ ထိပ်ဆုံးမှပြေးနေသည်။



ရေပန်းစား

ရုပ်ရှင်အဝတ်အစား ဒီဇိုင်းဆုတွင် "Across the Universe"၊ "Atonement"၊ "Elizabeth: The Golden Age"၊ "La Vie en Rose"၊ "Sweeney Todd The Demen Barber of Fleet Street" ဇာတ်ကားများ ရေပန်းစားနေသည်။

ဒါရိုက်တာဆုအတွက် ဂျူလီယန်ဆာ့ချ်နာဘယ်လ်၊ ဂျာဆန်ရိုက်တ်မန်၊ တိုနီဂီလ်ရွိုင်း၊ ဂျိုးလ်ကိုအန်နှင့် အီသန်ကိုအန်၊ ပေါလ်သောမတ်စ်အန်ဒါဆင်တို့ ရေပန်းစားနေသည်။

ဖလင်တည်းဖြတ်ဆုတွင် "The Bourne Ultimatum"၊ "The Diving Bell and the Butterfly"၊ "Into the Wild"၊ "No Country for Old Men"ဇာတ်ကားနှင့်"There Will Be Blood" ဇာတ်ကားများ ရေပန်းစားနေသည်။

အမျိုးသား ဇာတ်ဆောင်ဆုတွင် ရေပန်းစားနေသည့် "In the Valley of Elah" **မှ တော်မီလီဂျုံးစ်။**

မိတ်ကပ်ဆုအတွက်"La Vie en Rose"၊ "Norbit" နှင့် "Pirates of the Caribbean: At World's End"ဇာတ်ကားများ ရေပန်းစားနေသည်။

ထိပ်ဆုံးမှရပ်တည်

ရုပ်ရှင်တေးဂီတ ဆုအတွက် "Atonement"၊ "The Kite Runner"၊ "Michael Clayton"၊ "Ratatouille"၊ "3:10 to Yuma" ဇာတ်ကားများ ထိပ်ဆုံးမှရပ်တည်လျက်ရှိသည်။

အကောင်းဆုံး ရုပ်ရှင်ဆုတွင် "Atonement"၊ "Juno"၊ "Michael Clayton"၊"No Country for Old Men" နှင့် "There Will Be Blood" ဇာတ်ကားတို့က ထိပ်ဆုံးမှ ရပ်တည်လျက်ရှိသည်။

အသံတည်းဖြတ်မှုဆုတွင် "The Bourne Ultimatum"၊ "No Country for Old Men"၊"Ratatouille"၊ "There Will Be Blood"၊"Transformers" ဇာတ်ကားများက ရေပန်းစားလျက်ရှိပြီး အော်စကာဆုပေးပွဲ ကျင်းပမည့် ဖေဖော်ဝါရီ ၂၄ရက်တွင် ကြိုတင် ရင်ခုန်သံနှင့် တကယ့်ရလဒ် အဖြေညှိကြစေလိုကြောင်း တင်ပြလိုက်ရပါသည်။ ။**(ကိုးကား-အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာမှုခင်းဖြစ်ရပ်

ကျီစားသန်ခဲ့မိသောကြောင့်....

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

ဟိုနိုလူလူမြို့သည် အမေရိကန်နိုင်ငံ ဟာဝိုင်ယီပြည်နယ်၏ မြို့တော်ဖြစ်ပြီး အိုဟူကျွန်း၏အရှေ့တောင်ဘက် ကမ်းရိုးတန်းရှိ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သည်။ လူဦးရေ လေးသိန်းကျော်နေထိုင်ပြီး စီးပွားရေး အချက်အချာကျကာ ပင်လယ်၏ အလှအပကို အားပါးတရ ကြည့်ရှုခံစားနိုင်သည်။

သောကပင်လယ်ဝေ

ယင်းအလှအပများကို မခံစားနိုင်တော့သူ တစ်ယောက်ရှိသည်။ ၎င်းမှာ အသက်၂၃နှစ်အရွယ်ရှိ ရစ်ချတ်အန်ဘိုဆိုသည့် လူငယ်တစ်ဦးဖြစ်သည်။ ရစ်ချတ်အန်ဘိုသည် ယင်းမြို့ဇာတိဖြစ်သည်။ မိဘများသည် ပွဲရုံလုပ်ငန်းကို လုပ်ကိုင်ကြပြီး တစ်ဦးတည်းသော သားဖြစ်သူ အန်ဘိုကို အလိုလိုက်ကာ အချစ်ပိုကြလေသည်။ အန်ဘိုသည် တစ်ဦးတည်းသော သားဖြစ်သော်လည်း မိဘများအပေါ်ဆိုးသွမ်းမှု မရှိပေ။ ပညာရေးတွင်လည်း ဝိဇ္ဇာနောက်ဆုံးနှစ် ကျောင်းသား ဖြစ်နေပေပြီ။ အန်ဘိုသည် သားလိမ္မာတစ်ဦးဖြစ်သော်လည်း သူ့တွင် အကျီစားသန်ပြီး အလေးအနက် မထားတတ်သော ဉာဉ်ကလေးရှိနေသည်။ မိဘများက ရေရှည်အကျိုးကို မျှော်ကိုး၍ ယင်းအကျင့်ကိုပြင်ရန် ဆုံးမသော်လည်း ဗီဇကို မဖျောက်ဖျက်နိုင်ခဲ့ပေ။ ထို့ကြောင့် သူ့ဘဝတွင် ငယ်ငယ်ရွယ်ရွယ်နှင့် သောကပင်လယ်ဝေခဲ့ရသည်။

အန်ဘိုသည် ၂၀၀၈ခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင်မှ အကျီစားသန်ပြီး အလေးအနက်မထားသည့် အကျိုးကို မျက်ဝါးထင်ထင်ခံစားခဲ့ရသည်။ ထိုနေ့ နံနက် ရှစ်နာရီခန့်က အိပ်ရာမှ နိုးပြီး အပြင်ထွက်ချိန်တွင် ကပ်လျက်တိုက်ခန်းမှ နန်စီအဆီယာတာချန်ကို၏သား လမ်းလျှောက်ခါစ အသက်နှစ်နှစ်အရွယ်ရှိ ဆိုင်ရပ်စ်ဘယ်လ်ဆိုသည့် ချစ်စဖွယ် ကလေးငယ်ကို တွေ့သဖြင့် ခါတိုင်း ချီနေကျအတိုင်း ချီလိုက်ကာ မိုးပျံကားလမ်းပေါ်သို့ လမ်းလျှောက်ထွက်ခဲ့တော့သည်။

မသိလိုက်မသိဘာသာ

အန်ဘိုသည် သူ၏ဗီဇကြောင့် မိုးပျံကားလမ်းပေါ်သို့ ရောက်နေသည်ကို သတိမထားမိဘဲ ကလေးကိုပစ်မြှောက်လိုက် ပြန်ဖမ်းလိုက်ဖြင့် ချော့မြှူမိတော့သည်။ ငါးကြိမ်မျှ ချော့မြှူပြီးနောက် တစ်ကြိမ်တွင်တော့ကလေးကိုမိအောင် မဖမ်းနိုင်တော့ဘဲ မိုးပျံလမ်းပေါ်မှ မြေပြင်ပေါ်သို့ပြုတ်ကျသွားတော့သည်။ အန်ဘိုသည် တစ်ခါမျှ မခံစားခဲ့ဖူးသော ထိတ်လန့်ကြောက်ရွံ့မှုမျိုးကို ခံစားခဲ့ရပြီး လမ်းပေါ်တွင် လူရှင်းနေသည်မို့ မသိလိုက်မသိဘာသာ အိမ်သို့ ပြန်ခဲ့တော့သည်။

လူမသိဟုထင်ပြီး တာဝန်မဲ့စွာ ရှောင်ထွက်ခဲ့သော အန်ဘိုသည် အခင်းဖြစ်ပြီး နောက်နေ့ ဇန်နဝါရီ ၁၉ ရက်တွင် ရဲအဖွဲ့၏ အဖမ်းခံရတော့မှ ရာဇဝတ်ဘေးပြေးမလွတ်ဟု သိလိုက်ရသည်။ မိဘနှစ်ပါးမှာလည်း သူ့အတွက်ရင်ထု မနာခံစားခဲ့ကြရတော့သည်။ ယင်းအမှုကို ယနေ့အထိ ရုံးတင်စစ်ဆေးဆဲဖြစ်သည်။

ဤဖြစ်ရပ်တွင် မိဘများက အန္တရာယ်ကို ကြိုမြင်သဖြင့် ဆုံးမမှုကို အလေးအနက်မထားခဲ့သူ အန်ဘိုသည် ကျီစားမိခြင်း၏နောက်တွင် ဖြစ်ပေါ်လာမည့် အကျိုးဆက်အတွက် တနင့်တပိုး ခံစားရမည့်အဖြစ်ကို လူတိုင်း သင်ခန်းစာယူနိုင်ရန် ရည်သန်လျက် ဖော်ပြလိုက်ရပါကြောင်း။ ။

လူမသိဟုထင်ပြီး တာဝန်မဲ့စွာ ရှောင်ထွက်ခဲ့သော အန်ဘိုသည် အခင်းဖြစ်ပြီး နောက်နေ့ ဇန်နဝါရီ ၁၉ရက်တွင် ရဲအဖွဲ့၏ အဖမ်းခံရ။

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၂၇–၁–၂၀၀၈

ယူကရိန်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်ဖြစ်လာမည်

ယူကရိန်းနိုင်ငံသည် ယခုနှစ်အတွင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံအဖြစ် ရောက်ရှိလာနိုင်ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ အရာရှိများက ပြောကြားလိုက်သည်။

ယူကရိန်းနိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အခြေခံစည်းကမ်းချက်များနှင့် ကုန်သွယ်ရေးဆိုင်ရာ စည်းကမ်းများကို သဘောတူလက်ခံခဲ့ပြီးဖြစ်ကြောင်း လာမည့် ဖေဖော်ဝါရီ ၅ရက်၌ ကျင်းပမည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အထွေထွေကောင်စီ အစည်းအဝေး၌ ခွင့်ပြုနိုင်မည်ဟု မျှော်လင့်ကြောင်း ၎င်းတို့က ပြောကြားသည်။

အီရန်အပေါ် အမေရိကန်တို့ မူဝါဒ အောင်မြင်မှုမရှိဟု တူရကီဝေဖန်

အီရန်အပေါ် အမေရိကန်တို့ ဝိုင်းဝန်းဖိအားပေးမှုသည် အရှေ့အလယ်ပိုင်းဒေသ၌ အီရန်၏ သြဇာအရှိန်အဝါ ကြီးထွားလာစေရန် တွန်းအားပေးသကဲ့သို့ ဖြစ်နေကြောင်း တူရကီအရာရှိများက ဝေဖန်ပြစ်တင်လိုက်သည်။ ထို့အပြင် အီရန်နိုင်ငံအပေါ် အမေရိကန်တို့ကျင့်သုံးနေသော မူဝါဒမှာ အောင်မြင်မှုမရှိကြောင်း အမေရိကန်၏ မဟာမိတ်ဖြစ်သည့် တူရကီနိုင်ငံ အရာရှိများက ဝေဖန်ပြောကြားသည်။

ကြက်ငှက်တုပ်ကွေးရောဂါ ဗြိတိန်၌ ဖြစ်ပွားနေ

ဗြိတိန်နိုင်ငံတောင်ပိုင်း၌ သေဆုံးနေသော ဘဲငန်းခြောက်ကောင်ကို စစ်ဆေးသည့်အခါ ကြက်ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံးခြင်းဖြစ်ကြောင်း တွေ့ရသည်ဟု ဗြိတိန်အရာရှိများက ပြောကြားသည်။

ထို့ကြောင့် အဆိုပါဘဲငန်းများ သေဆုံးသည့် ပြည်နယ်ငါးခု၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုနှင့် ပတ်သက်ပြီး သက်ဆိုင်ရာအရာရှိများက သတိပေးချက်များ ထုတ်ပြန်ထားသည်။

ရုရှား၊ ဘီလာရုစ်နှင့် ကာဇက်စတန်တို့ အကောက်ခွန်သမဂ္ဂဖွဲ့စည်း

ရုရှား၊ ဘီလာရုစ်နှင့် ကာဇက်စတန်နိုင်ငံတို့သည် အကောက်ခွန်သမဂ္ဂ ဖွဲ့စည်းတည်ထောင်မှု အပြီးသတ် လက်မှတ်ရေးထိုးလိုက်ကြကြောင်း ရုရှားသမ္မတ ဗစ်တာဇူကော့ဗ်က ပြောကြားလိုက်သည်။

မိမိတို့သုံးနိုင်ငံ၏ အနာဂတ်ကာလဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသော ဆောင်ရွက်မှုတစ်ရပ်ကို အကောင်အထည်ဖော်နိုင်ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

တိုက်လေယာဉ်ခြောက်စင်း ထိုင်းသို့ ဆွီဒင်ရောင်းချ

ဆွီဒင်က ထိုင်းနိုင်ငံသို့ တိုက်လေယာဉ်ခြောက်စင်းရောင်းချရန် သဘောတူလိုက်ပြီဖြစ်ကြောင်း ဆွီဒင်ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်လိုက်သည်။ ဂျေအေအက်စ်–၃၉ ဂရီပင် အမျိုးအစား တိုက်လေယာဉ်ခြောက်စင်း၏ ကုန်ကျငွေမှာ အမေရိကန်ဒေါ်လာ ၅၇၃သန်းဖြစ်ကြောင်း၊ လာမည့် ၂၀၁၁ခုနှစ်၌ လေယာဉ်များကို အပြီးသတ် ပေးအပ်ရမည်ဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

ပြင်သစ်၊ ရုရှားနှင့် ဘရာဇီးတို့ ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်

ပြင်သစ်၊ ရုရှားနှင့် ဘရာဇီးနိုင်ငံတို့က ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စာချုပ်တစ်ရပ် လက်မှတ်ရေးထိုးနိုင်ရန် ဆွေးနွေးလျက်ရှိသည်။

ဘရာဇီးကာကွယ်ရေးဝန်ကြီး နယ်လ်ဆင်ဂျိုဘင်သည် ပြင်သစ်နှင့် ရုရှားနိုင်ငံများသို့ ၁၄ရက်ကြာ အလည်အပတ်ခရီးသွားရောက်ပြီး သုံးနိုင်ငံကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်မည့် ကိစ္စရပ်များကို ဆွေးနွေးလျက်ရှိသည်။

တရုတ်ခရီးသည်တင်လေယာဉ် တောင်အမေရိကသို့ ပို့သန်းမည်

တရုတ်နိုင်ငံလုပ် ခရီးသည်တင်လေယာဉ်စင်ကျို့–၆၀ အမျိုးအစား လေယာဉ်သည် ဘိုလီးဗီးယားနိုင်ငံသို့ မကြာမီစတင်ပျံသန်းမည်ဖြစ်ကြောင်း တရုတ်လေကြောင်းနည်းပညာဆိုင်ရာ အရာရှိများက ပြောကြားသည်။

တောင်အမေရိကသို့ တရုတ်လေယာဉ်များ ပထမဆုံးအကြိမ် စတင်ပျံသန်းခြင်းဖြစ်ပြီး စင်ကျို့–၆၀လေယာဉ်တွင် ခရီးသည်၆၀ခန့် တင်ဆောင်နိုင်ကြောင်း ၎င်းတို့ကပြောကြားသည်။

တောင်နှင့် မြောက်ကိုရီးယား အရာရှိများ ကဏ္ဍစုံဆွေးနွေး

တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားနှစ်နိုင်ငံတို့မှ ကိုယ်စားလှယ်များ ဆိုးလ်မြို့၌တွေ့ဆုံကာ လုံခြုံရေး၊ စီးပွားရေးဆိုင်ရာ လုပ်ငန်းနယ်ပယ်များ၌ ပူးတွဲဆောင်ရွက်ကြရန် ဆွေးနွေးကြသည်။

ထို့ပြင် တောင်ကိုရီးယားနိုင်ငံ မွန်ဆန်မြို့နှင့် မြောက်ကိုရီးယားနိုင်ငံ ဘွန်တန်မြို့အကြား ကုန်ရထားပြေးဆွဲမှု အပါအဝင် စီးပွားရေးစီမံကိန်း အများအပြားကို ပူးတွဲအကောင်အထည်ဖော်ရေး ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

❖ တရုတ်နိုင်ငံ ဂန်ကျို့ပြည်နယ် တန်ကျီမြို့ပြင်တွင် ဇန်နဝါရီ ၂၆ ရက်က နှင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ဓာတ်အားပေးတာဝါတိုင်ကြီးတစ်ခု ပြိုလဲခဲ့သည်။ **(ဓါတ်ပုံ)**

❖ **ဗြိတိန်နိုင်ငံ ယော့ခ်ရှိုင်းယားမြို့၌ ဇန်နဝါရီ၂၆ ရက်က ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်မှူးအပါအဝင် နှစ်ဦးသေဆုံးခဲ့သည်။**

❖ တူရကီနိုင်ငံ အနောက်တောင်ပိုင်း ဒင်နီလီပြည်နယ် မာကီဇ်မြို့၌ ဇန်နဝါရီ၂၇ရက်က ခရီးသည်တင် ရထား တစ်စင်း လမ်းချော်မှုဖြစ်ပွားရာ ခရီးသည်ရှစ်ဦး သေဆုံးပြီး ၂၁ ဦး ဒဏ်ရာရရှိခဲ့သည်။

❖ **တရုတ်နိုင်ငံ ယူနန်ပြည်နယ် အနောက်တောင်ပိုင်းရှိ သဘာဝဥယျာဉ်တစ်ခု၌ ဇန်နဝါရီ၂၇ရက်က ဆင်တစ်ကောင်၏ တိုက်ခိုက်မှုကြောင့် အမေရိကန်နိုင်ငံသား ခရီးသွားဧည့်သည်တစ်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။**

❖ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရန်ပူလာခရိုင်တွင် ဇန်နဝါရီ ၂၆ ရက်က အပူချိန် ရေခဲမှတ်အောက် ကျဆင်းခဲ့ရာ ၁၁ ဦး သေဆုံးခဲ့သည်။

❖ **ပါကစ္စတန်နိုင်ငံ ရာဝါပင်ဒီမြို့၌ ဇန်နဝါရီ၂၇ရက်က လေးထပ်အဆောက်အအုံပြိုကျခဲ့ရာ ခုနစ်ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့သည်။**

❖ နီပေါနိုင်ငံအနောက်အလယ်ပိုင်းဒေသများဖြစ်သည့် ရိုလ်ပါ၊ ရူခမ်၊ ဆလ်ယန်နှင့် ဖူတန်ခရိုင်များတွင် ဇန်နဝါရီ၂၆ရက်က ဆီးနှင်းများ အဆက်မပြတ်ကျဆင်းခဲ့ရာ အချို့နေရာများ၌ ဆီးနှင်းထုသုံးပေအထိရှိခဲ့သည်။

❖ **ဆူဒန်နိုင်ငံမြောက်ပိုင်း ခါတွန်မြို့အနီး၌ ဇန်နဝါရီ ၂၇ရက်က ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်မှူးအပါအဝင် သုံးဦးသေဆုံးခဲ့သည်။**

ဘဝ ဒဿန အမြင်

❇ ***Respect yourself and others will respect you.***

သင့်ကိုယ်သင် လေးစားလျှင် သူတစ်ပါးကလည်း သင့်ကိုလေးစားမည်။

ကွန်ဖြူးရှပ်စ် (အတွေးအခေါ်ပညာရှင်)

❇ ***A bad beginning makes a bad ending.***

အစကောင်းမှ အနှောင်းသေချာ။

ယူရီပီဒက်စ် (ဂရိပြဇာတ်ရေးဆရာ)

ထွန်းသစ်လာသည့် လာအိုနိုင်ငံ

သတင်းအက်ဆေး

တိုး–ရေးသားသည်

၁၉၉၁ခုနှစ်တွင် ယူအက်စ်အက်စ်အာရ်ခေါ် ဆိုဗီယက်ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးသွားပြီးနောက် ကမ္ဘာပေါ်တွင် ကွန်မြူနစ်နိုင်ငံ အနည်းငယ်သာ ယနေ့ကျန်ရှိရာတွင် လာအိုနိုင်ငံလည်း တစ်နိုင်ငံအဖြစ်ပါဝင်သည်။ လာအိုနိုင်ငံသည် ပြောင်းလဲလာသော နိုင်ငံရေး၊ စီးပွားရေးမြင်ကွင်း၌ ဆက်လက်ရှင်သန် ရပ်တည်နေသည့် ကွန်မြူနစ်နိုင်ငံ တစ်နိုင်ငံ ဖြစ်သည်။

လာအိုနိုင်ငံရှိ နမ် သီ အမ် တူး ရေအား လျှပ်စစ် စီမံကိန်းကို တွေ့ရစဉ်။

(အင်တာနက် ဓာတ်ပုံ)

လမ်းဆုံလမ်းခွ

လာအိုနိုင်ငံသည် ကုန်းတွင်းပိတ်နိုင်ငံဖြစ်သည်။ သို့သော် အရှေ့တောင်အာရှ ပင်မနယ်မြေ၏ လမ်းဆုံလမ်းခွဟု ဆိုရလောက်အောင် အခရာကျသည့်နေရာ၌ တည်ရှိသည်။ ထေရဝါဒ ဗုဒ္ဓဘာသာထွန်းကားသည့် လာအိုနိုင်ငံတွင် အခြားသောဘာသာများနှင့် ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ကြသည်။ ထေရဝါဒဗုဒ္ဓဘာသာသည် လာအိုယဉ်ကျေးမှုအပေါ် များစွာသက်ရောက်မှုရှိသည်။ ထေရဝါဒမှာ လာအိုနိုင်ငံရှိ ဘာသာစကားမှသည် ဘုရားကျောင်းကန်၊ အနုပညာ၊ စာပေ၊ သုခုမပညာစသည်အဆုံးတို့တွင် ထင်ဟပ်လျက်ရှိသည်။ လာအိုနိုင်ငံရှိ လွမ်ပရာဘန်နှင့် ဝပ်ဖူတို့မှာ ကမ္ဘာ့အမွေအနှစ် အဖြစ် ထိန်းသိမ်းထားရသည့် နေရာနှစ်ခုဖြစ်သည်။ ထင်ရှားလှသည့် ပလိန်းအော့ဂျားစ်ခေါ် အိုးလွင်ပြင်ကိုလည်း ကမ္ဘာ့အမွေအနှစ်တစ်ခုအဖြစ် ထိန်းသိမ်းစာရင်းတွင်ထည့်ရန် လာအိုအစိုးရက လိုလားသည်။

လူ ၅ ဒသမ ၈သန်း မီတင်းနေထိုင်သည့် လာအိုနိုင်ငံတွင် လူဦးရေ၏ ၆၀ရာခိုင်နှုန်းမှာ လာအိုလူမျိုးဖြစ်သည်။ မုန်း (မြောင်)၊ ယောင် (မီယင်)၊ တိုက်ဒမ်၊ တောင်၊ ရှမ်းကဲ့သို့သော တောင်ပေါ်ဒေသလူမျိုးများနှင့် တိဘက်တိုကားမင်းစကားပြော လူမျိုးများလည်း နှစ်ပေါင်းများစွာကတည်းက သူ့ဒေသအလိုက် နေထိုင်လာကြသည်။ မဟာမဲခေါင်ဒေသတွင် လာအိုနိုင်ငံ၏ စိုက်ပျိုးဖြစ်ထွန်းမည့်ယာမြေမှာ ရာနှုန်းအားဖြင့် နည်းပါးသည်။ ၄ ဒသမ ၀၁ ရာခိုင်နှုန်းသော လာအိုလယ်ယာမြေသာလျှင် စိုက်ပျိုးရေး ဖြစ်ထွန်းသည်။ လယ်ယာစိုက်ပျိုးရေးထွက်ကုန်က ဂျီဒီပီ၏ထက်ဝက်ကို ဖြည့်ဆည်းပေးသည်။ ဆန်စပါးကို အဓိကစိုက်ပျိုးသည်။ စိုက်ပျိုးဖြစ်ထွန်းသည့်မြေ၏ ၈၀ ရာခိုင်နှုန်းကို ဆန်စပါးစိုက်သည်။ မဟာမဲခေါင်ဒေသတွင် လာအိုနိုင်ငံသည် ဆန်စပါးအမျိုးအစား အများဆုံးစိုက်သည့် နိုင်ငံဖြစ်သည်။ ဆန်စပါးအပြင် ဟင်းသီးဟင်းရွက်၊ အသီးအနှံ၊ ဟင်းခတ်အမွှေးအကြိုင်နှင့် ဝါဂွမ်းတို့ကိုလည်း စိုက်ပျိုးသည်။ ဆန်စပါးထုတ်လုပ်မှုမှာ ၁၉၉၀ ပြည့်နှစ်မှ ၂၀၀၅ ခုနှစ်တွင် တန်ချိန် ၁ ဒသမ ၅ သန်းမှ ၂ ဒသမ ၅ သန်းအထိ တိုးတက်သည်။

လုံးဝလွတ်မြောက်

ယဉ်ကျေးမှုအစဉ်အလာရှိခဲ့သည့် လာအိုနိုင်ငံသည် ၁၈၉၃ ခုနှစ်တွင် ပြင်သစ်အစောင့်အရှောက်ခံဖြစ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် ခေတ္တမျှ ဂျပန်လက်အောက် ရောက်ရှိခဲ့သေးသည်။ ၁၉၅၄ ခုနှစ်တွင် ပြင်သစ်လက်အောက်က လုံးဝလွတ်မြောက်ခဲ့သည်။ စည်းမျဉ်းခံဘုရင်စနစ် စတင်ကျင့်သုံးသည်။ ဘုရင်စနစ်လိုလားသူများနှင့် ကွန်မြူနစ်ပသက်လောတို့အကြား ပြည်တွင်းစစ်ဖြစ်သည်။ ၁၉၇၃ ခုနှစ်တွင် ဗီယန်ရှင်း အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရသည်။ ၁၉၇၅ ခုနှစ်တွင် ဘုရင်ဆဗန်ဝတ္တန ထီးနန်းစွန့်သည်။ လာအိုပြည်သူ့တပ်ဦးဟု အမည်ပြောင်းလိုက်သည့် ပသက်လောတို့ အာဏာရသည်။ နိုင်ငံကိုလည်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဟု အမည်ပေးလိုက်သည်။ ထိုအခါ လာအိုပြည်သူ့တော်လှန်ရေးပါတီ (အယ်လ်ပီအာရ်ပီ)သာလျှင် တစ်ခုတည်းသော တရားဝင်ပါတီအဖြစ် သတ်မှတ်လိုက်သည်။

၁၉၉၇ ခုနှစ်တွင် လာအိုနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)သို့ ဝင်ရောက်ခဲ့သည်။ ၂၀၀၄ခုနှစ်တွင် အာဆီယံ ဥက္ကဋ္ဌတာဝန်ယူသည်။ လက်ရှိနိုင်ငံတော်အကြီးအကဲမှာ သမ္မတကျူမာလီဆိုင်ညဆွန်ဖြစ်သည်။ ၎င်းအား သမ္မတခမ်တေးဆီဖန်ဒုန်၏ နေရာကို လွှဲပြောင်းတာဝန်ယူရန် အမျိုးသားလွှတ်တော်က ၂၀၀၆ခုနှစ် ဇွန်လတွင် ခန့်အပ်လိုက်သည်။ အာဏာရကွန်မြူနစ်ပါတီ လာအိုပြည်သူ့တော်လှန်ရေးပါတီ (အယ်လ်ပီအာရ်ပီ)ခေါင်းဆောင်အဖြစ် သမ္မတဟောင်းထံမှ ၂၀၀၇ခုနှစ် မတ်လတွင် လွှဲပြောင်းယူလိုက်သည်။

ဖြတ်သန်းစီးဆင်း

လာအိုနိုင်ငံသည် မဲခေါင်မြစ်နှင့် မြစ်လက်တက်များ ဖြာထွက်ဖြတ်သန်းစီးဆင်းမှု၊ တောင်ကြောတောင်တန်းပေါများမှုတို့က ပေးလိုက်သည့် သဘာဝအားသာချက်များရှိသောနိုင်ငံ ဖြစ်သည်။ ရေအားလျှပ်စစ်ထုတ်လုပ်ရေးအတွက် နမ်သီအမ်တူး ရေအားလျှပ်စစ်စီမံကိန်းကို တည်ဆောက်လျက်ရှိသည်။ ၂၀၀၉ခုနှစ်ကုန်တွင် စီမံကိန်းပြီးစီးပါက အိမ်နီးချင်း ထိုင်းနိုင်ငံသို့ ဓာတ်အားပို့လွှတ်ရောင်းချမည်ဖြစ်သည်။ ယခုအခါ လာအိုနိုင်ငံက အရှေ့တောင်အာရှ၏ ထွန်းသစ်ဝင့်ထည်သောနိုင်ငံအဖြစ် မျှော်မှန်းထားသည့်အားလျော်စွာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ အနာဂတ်အရေးမှာ ထွန်းပဝင်းလက်လာပေတော့မည်။ ။

ကိုးကား–အင်တာနက်

ပူဇော်ကန်တော့

ဇန်နဝါရီ ၂၇ရက်က (၁၉)ကြိမ်မြောက် အထက(၂)ဒဂုံ မြို့မ ကျောင်းသား ကျောင်းသူဟောင်းများ သက်ကြီး ဆရာ ဆရာမများအား ပူဇော်ကန်တော့ပွဲကို အဆိုပါကျောင်း၌ ကျင်းပရာ ကန်တော့ခံ ဆရာ ဆရာမများအား ကျောင်းသား ကျောင်းသူများက တစ်ဦးချင်း အလှူငွေများ ပေးအပ်စဉ်။

(မြန်မာ့အလင်း)

✡ ရှေ့ဖုံးမှ

ဖြန့်ဖြူး

အဆိုပါ၁၃၂ကေဗွီဓာတ်အားလိုင်းသည် ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံပြီးစီးပါက လျှပ်စစ်ဓာတ်အားများကို ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသအတွင်းရှိ ဒေသအသီးသီးသို့ လျှပ်စစ်ဓာတ်အားများကို ဖြန့်ဖြူးပေးသွားမည့် ဓာတ်အားလိုင်းဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် နမ့်စန်–လွိုင်လင်–တောင်ကြီးလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာလာရာ လွိုင်လင်မြို့ လွိုင်လင်(၁)ရိပ်သာသို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် လွိုင်လင်–တောင်ကြီးလမ်းအတိုင်း ဆက်လက် ထွက်ခွာလာကြပြီး တောင်ကြီးမြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

အင်ဒိုနီးရှားသမ္မတဟောင်း ဆူဟာတို ကွယ်လွန်

ဂျကာတာ ဇန်နဝါရီ ၂၇

အသက်(၈၆)နှစ်အရွယ်ရှိ အင်ဒိုနီးရှားသမ္မတဟောင်း ဆူဟာတိုသည် ဂျကာတာမြို့ရှိ ပါတာမီနာဆေးရုံ၌ ဇန်နဝါရီ ၂၇ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်၌ ကွယ်လွန်သွားကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။

သေဆုံး

နှလုံးရောဂါ၊ အဆုတ်နှင့် ဆီးကျိတ် ရောဂါတို့ ပြင်းထန်စွာခံစားခဲ့ရသဖြင့် ဇန်နဝါရီ ၄ ရက်က ဂျကာတာမြို့ ပါတာမီနာဆေးရုံသို့ သုံးပတ်ကြာတင်ပို့ပြီး ဆေးကုသမှုခံယူခဲ့ရာမှ ယခုကဲ့သို့ ဆုံးပါးသွားခဲ့ခြင်း ဖြစ်သည်။

ထမ်းဆောင်ခဲ့

၁၉၂၁ ခုနှစ် ဇွန်လ ၈ ရက်တွင် မွေးဖွားခဲ့သော ဆူဟာတိုသည် ၁၉၆၆ ခုနှစ် မတ်လ ၁၁ ရက်၌ အင်ဒိုနီးရှားသမ္မတ ဖြစ်လာခဲ့သည်။ ၃၂ နှစ်ကြာ သမ္မတရာထူးတွင် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

တက်ရောက်မည်

သမ္မတဟောင်းဆူဟာတို၏ ဈာပနအခမ်းအနားကို ဇန်နဝါရီ ၂၈ရက် (ယနေ့) **ပြုလုပ်မည်ဖြစ်ရာ အင်ဒိုနီးရှားသမ္မတ ဆူစီလိုဘန်ဘန်း ယူဒိုယိုနို ဦးဆောင် တက်ရောက်မည်ဖြစ်သည်။**

ကြေညာ

ဆူဟာတို ကွယ်လွန်အနိစ္စရောက်ရသည့်အတွက် အင်ဒိုနီးရှားနိုင်ငံတွင် ဝမ်းနည်းခြင်းအထိမ်းအမှတ် ရက်သတ္တပတ်သတ်မှတ်ကြောင်း အင်ဒိုနီးရှားအစိုးရက ကြေညာထားသည်။

* ရှေ့ဖုံးမှ

ထို့နောက် ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဘုတ်ပြင်းမြို့ ဗိုလ်လုဖေဆိပ်ခံတံတား ၊ အေးချမ်းသာ ဆိပ်ခံတံတား တည်ဆောက်နေမှုနှင့်အေးချမ်းသာကားလမ်းကူးကွန်ကရစ် တံတားသစ် တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တောင်ဒဂုံ ဆီအုန်းစက်ရုံတွင် ဆီအုန်းထုတ်လုပ်မှု အဆင့်ဆင့်ကိုလည်းကောင်း၊ တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေးစီမံကိန်းအတွင်း ဆီအုန်းပင်များ အသီးထွက်ရှိမှုကိုလည်းကောင်း၊ မိုးရာသီတွင် တိုးချဲ့စိုက်ပျိုးရန်ဆီအုန်းပျိုးပင်များပျိုးထောင်ထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြပြီး မွန်းလွဲပိုင်းတွင် ကရသူရိမြို့သို့ ရောက်ရှိကြကာ ကရသူရိမြို့ ၁၆ခုတင်ဆံ့ ဆေးရုံတည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကြသည်။

မှာကြား

ထို့နောက် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ကရသူရိမြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန နဝရတ်ခန်းမတွင် ကော့သောင်းခရိုင်နှင့်ဘုတ်ပြင်းမြို့နယ်၊ ကရသူရိမြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

(သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၅)ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၇

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၅)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ 'စိတ်ချမ်းသာစွာ ညစဉ်အိပ်စက်ရပါလို၏' အယ်ဒီတာ့ဒိုင်ယာရီနှင့်အတူ ရွာသာကြီးဘူတာ စတင်အဆင့်မြင့်ပြီ၊ အင်းလေးရေဝပ် ရေတိမ်ဒေသ ရေရှည်တည်တံ့ဖွံ့ဖြိုးရန် သဘာဝကိုင်းတောနှင့် ကျွန်းမျောရိုင်းများကို ဒေသခံများ ဝိုင်းဝန်းထိန်းသိမ်းရန်လို၊ စက်မှုလက်မှုလုပ်ငန်းရှင်များကို ကဏ္ဍငါးရပ်ဖြင့် ချေးငွေပံ့ပိုး၊ ဒီပလိုမာရရှိက စင်ကာပူတွင် အလုပ်ရနိုင်သော စင်ကာပူမှကျောင်းခွဲ မြန်မာနိုင်ငံတွင် ဖွင့်လှစ်၊ ဟဒယဆည်းဆာဖျော်ဖြေပွဲ ကျင်းပဖြစ်ပြီ စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ စားသုံးသူအခွင့်အရေး'ဝယ်ယူကြေး(ဂျီး)များလည်း အလေးထားပေးကြပါ'၊ အလုပ်နှင့်ပညာရေး'လစာလေးသောင်းမှ တစ်သိန်းကြားရနိုင်သော LCCI ဖြေမည်ဆိုလျှင်' နှင့် 'နွယ်ပင်လိုကျင့်သလား'၊ 'အောင်မြင်သောခေါင်းဆောင်တစ်ယောက်' ကဲ့သို့သော သုံးသပ်ဆောင်းပါးများဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

'လာမယ့်နှစ်တစ်ရာအထိ ရေနံတွေကောင်းကောင်းရှိနေပါသေးတယ်' အိုပက်အထွေထွေအတွင်းရေးမှူးချုပ်နှင့်တွေ့ဆုံခြင်း အင်တာဗျူးဆောင်းပါးနှင့်အတူ CEO တစ်ဦးမျက်နှာက အောင်မြင်သော ကုမ္ပဏီတစ်ခုကို ဖန်တီးပေးနိုင်မလား၊ အင်တာနက်မှ အချိန်အချက်လုပ်သော ဝက်ဘ်ဆိုက်များမှတစ်ဆင့် ကလေးများအပေါ် မြူဆွယ်မှုများ ဖော်ထုတ်တွေ့ရှိ၊ လိုအပ်လျှင် နျူကလီးယားလက်နက်များ ရုရှားအသုံးပြုမည်၊ အရပ်သားများ နိုင်ငံရေးတွင် ပိုမိုပါဝင်စေရေး ကမ္ဘောဒီးယားက ဖွဲ့စည်းပုံဥပဒေကို ပြင်မည်၊ အင်ဒိုနီးရှာအစိုးရရေနံဆီခွဲတမ်းချ၊ ကိုယ်အလေးချိန် ပေါင် ၅၀၀ ရှိသော အငြိမ်းစားရဲအရာရှိအား ပင်စင်လစာ တိုးမြှင့်ပေးခြင်းမရှိစသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံးဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

အိုးထရက်ဖို့ဒ်၌ မန်ယူတို့ စပါးကို အနိုင်ယူ
မန်စီးတီးတို့ ရှုံး၍ အက်ဖ်အေဖလားကို နှုတ်ဆက်ရ

ဖောင်ပိတ်ပြည်ပအားကစားသတင်း - မောင်မောင်မြင့်ဆွေ

လန်ဒန် ဇန်နဝါရီ ၂၇

အက်ဖ်အေဖလား စတုတ္ထအဆင့် ဘောလုံးပြိုင်ပွဲများကို ဇန်နဝါရီ ၂၇ ရက်က ဆက်လက်ကစားရာ မန်ယူနှင့် စပါးတို့ပွဲတွင် မန်ယူတို့ အဖွင့်ဂိုးအသွင်းခံရပြီးမှ ချေပဂိုးနှင့် အနိုင်ဂိုးများ ဆက်တိုက်သွင်းယူနိုင်သဖြင့် မန်ယူပရိသတ်များ ရင်တမမဖြင့် နောက်ဆုံးအောင်ပွဲခံနိုင်ခဲ့ကြသည်။

မန်ယူတို့ အိုးထရက်ဖို့ဒ်၌ စပါးအသင်းကို လူစုံထုတ်ကစားခဲ့ရသည်။ တီဗက်ဇ်၊ ရွှန်နေ၊ စီရိုနယ်ဒို၊ အိုဝင်ဟားဂရေ့ဗ်စ်၊ ကာရစ်တို့က ကွင်းလယ်၌ ငါးဦးအထိ အင်အားပြည့် ခင်းကျင်းကစားသော စပါးအသင်းကို ခြေကုန်ထုတ်ကစားခဲ့ရသည်။

မန်ယူနှင့် စပါးတို့ပွဲတွင် မန်ယူတောင်ပံ တိုက်စစ်မှူး စီရိုနယ်ဒို (ဝဲ) **ဤသို့ ထိုးဖောက်ကစားခဲ့သည်။**

သွင်းယူ

ရော်ဘီကိန်းနှင့် ဘာဘာတော့ဗ် တို့ ဦးဆောင်သော စပါးအသင်းသည် ပထမပိုင်းပွဲအစ၌ မန်ယူတို့ကို ခြေရည်တူ ကစားနိုင်ခဲ့ပြီး ၂၄ မိနစ်၌ စပါးတိုက်စစ်မှူး ရော်ဘီကိန်းက အဖွင့်ဂိုးသွင်းယူလိုက်ရာ မန်ယူပရိသတ် ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့သည်။

အားပေး

မိမိကွင်း၊ မိမိပရိသတ်အရှေ့၌ အဖွင့်ဂိုးသွင်းယူခံခဲ့ရသည့် မန်ယူတို့ ချေပဂိုးရရှိရေး တိုက်စစ်ဖွင့်ကစားရာ ၃၈ မိနစ်၌ မန်ယူတိုက်စစ်မှူး တီဗက်ဇ်က ချေပဂိုးသွင်းယူလိုက်သဖြင့် မန်ယူပရိသတ်များ အားပေးသံဝေါခန် ထွက်လာခဲ့သည်။ ချေပဂိုးရရှိပြီး မန်ယူတိုက်စစ်မှူးများက ဘယ်ညာတောင်ပံများနှင့် ကွင်းလယ်မှပါ နေရာစုံထိုးဖောက် ကစားခဲ့သော်လည်း ဆန္ဒစောပြီး ကန်ချက်မမှန်ခဲ့သဖြင့် မန်ယူတို့ ဂိုးမသွင်းနိုင်ခဲ့ချေ။

ကျော်ဖြတ်

၆၄မိနစ်တွင် မိုက်ကယ်ကာရစ်အစား ပေါလ်စခိုးဝင်ရောက်ကစားခဲ့သည်။ စပါးတို့ ဂိုးသွင်းမခံရရေး ကြိုးစားဟန့်တားနေရာမှ ၆၈ မိနစ်၌ စပါးနောက်ခံလူ မိုက်ကယ်ဒေါဆင် ဘောလုံးကို လက်ဖြင့် ဖျက်ထုတ် ကစားမှုကြောင့် အနီကတ်ပြ အထုတ်ခံရပြီး ပယ်နယ်တီ အပေးခံရသည်။ ထိုပယ်နယ်တီ ကို ၆၉မိနစ်၌ မန်ယူတောင်ပံတိုက်စစ်မှူး စီရိုနယ်ဒိုကန်သွင်းခဲ့သဖြင့် မန်ယူတို့ ဒုတိယဂိုးရရှိခဲ့သည်။ စပါးတိုက်စစ်မှူး ဘာဘာတော့ဗ်နှင့် ရော်ဘီကိန်းတို့ မန်ယူနောက်တန်းကို ၁၂ကြိမ်ကျော်ဖြတ်ပြီး အပိုင်ကန်သွင်းခွင့်များရရှိခဲ့သော်လည်း ချေပဂိုးမသွင်းနိုင်ခဲ့ချေ။

အနိုင်ရ

မန်ယူတို့ ၈၁မိနစ်တွင် တီဗက်ဇ်အစား အန်ဒါဆင်ဝင်ရောက်ကစားခဲ့သည်။ မန်ယူတို့ စပါးအသင်းကို အကြိမ် ၂၀ခန့် ထိုးဖောက်ကစားခဲ့ပြီး ကန်သွင်းခွင့် ၁၀ကြိမ် ရရှိခဲ့ရာမှ ၈၈မိနစ်တွင် စီရိုနယ်ဒိုက တစ်ဂိုးထပ်မံသွင်းယူခဲ့သဖြင့် မန်ယူတို့ သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ယင်းဂိုးသည် စီရိုနယ်ဒို၏ မန်ယူအတွက် ယခုဘောလုံးရာသီ အတွင်း ၂၅ ဂိုးမြောက် ဂိုးလည်း ဖြစ်သည်။

ရှက်ဖ်ဖီးနှင့် မန်စီးတီး

အိမ်ရှင်ရှက်ဖ်ဖီးတို့ မာမာတင်းတင်း ကစားခဲ့မှုကြောင့် မန်စီးတီးတို့ ကစားကွက်တည်မရအောင် ဖြစ်ခဲ့ရသည်။ ရှက်ဖ်ဖီးတိုက်စစ်မှူး စတိဒ်နှင့် လူတန်ရှီလ်တန်တို့ကို ကွင်းလယ်မှ ဂါရီစပိဒ်၊ မာတင်နှင့်စတီဖင်ကွင်းတို့က ဝိုင်းဝန်းပံ့ပိုး တိုက်စစ်ဆင်ခဲ့ရာ ၁၂မိနစ်၌ပင် ရှက်ဖ်ဖီးတိုက်စစ်မှူး လူတန်ရှီလ်တန်က အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။ ရှက်ဖ်ဖီးတို့ အတင်းဝင်အတင်းဖျက်နှင့် လျင်လျင်မြန်မြန် တိုက်စစ်ဆင် ဖိကစားခဲ့မှုကြောင့် ၂၄မိနစ်၌ ရှက်ဖ်ဖီးတိုက်စစ်မှူး ဂျိုနသန်စတိဒ်က တစ်ဂိုးသွင်းယူခဲ့ရာ ရှက်ဖ်ဖီးတို့ နှစ်ဂိုးစောစီးစွာ ရရှိနေခဲ့သည်။

မန်စီးတီးအတွက် ချေပဂိုးကို ၄၆မိနစ်၌ အီလာနိ အစားဝင်ကစားသည့် ဒါနီရယ်စတူရာရစ်ကဝင်ပြီး နှစ်မိနစ်အကြာ ချေပဂိုးသွင်းယူနိုင်ခဲ့သည်။

မန်စီးတီးသည် ၆၂မိနစ်၌ ဟာမန်းအစား အိုင်ရီလန်နှင့် ၇၁မိနစ်၌ အမ်ပင်ဇာအစား ဂျီရိုဗင်နီတို့ အစားထိုးကစားစေခဲ့သော်လည်း ရှက်ဖ်ဖီးနောက်တန်းကို ထိထိရောက်ရောက် ထိုးဖောက်ကျော်ဖြတ်နိုင်မှုအားနည်းခဲ့သည်။ မန်စီးတီးတိုက်စစ်မှူး ဗက်ဆဲလ်နှင့် ပီထရော့ဗ်တို့ ကန်သွင်းချက်များ မသေချာခဲ့မှုကြောင့် ချေပဂိုးထပ်မရဘဲ နှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး အက်ဖ်အေဖလားကို နှုတ်ဆက်ထွက်ခွာခဲ့ရပြီဖြစ်သည်။

ဟီရီဖို့ဒ်နှင့် ကာဒစ်ဖ်

ဟီရီဖို့ဒ်တို့က အိမ်ကွင်း၌ အသာစီးဖြင့် ကစားနိုင်ခဲ့ပြီး ဂိုးသွင်းအကြိမ်ကြိမ်ရရှိခဲ့သော်လည်း တိုက်စစ်မှူးများဖြစ်ကြသည့် ရော်ဘင်ဆင်၊ စီမွန်ဂျွန်ဆင်နှင့် ဘင်ဂျာမင်တို့ ကန်ချက်များ လွဲချော်နေခဲ့သဖြင့် ဧည့်သည်ကာဒစ်ဖ်မှ မက်နူတန်၏ ၄၅ မိနစ်၌ အဖွင့်ဂိုးသွင်းယူခြင်းခံခဲ့ရသည်။ ကာဒစ်ဖ်အတွက် ဒုတိယဂိုးကို ၆၇ မိနစ်တွင် ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် သွမ်ပဆင်က သွင်းယူခဲ့သဖြင့် ကာဒစ်ဖ်တို့ နှစ်ဂိုးရရှိနေခဲ့သည်။ ဟီရီဖို့ဒ်အတွက် ချေပဂိုးကို ရော်ဘင်ဆင်က ၇၇ မိနစ်၌ သွင်းယူခဲ့၍ ဟီရီဖို့ဒ်တို့ နှစ်ဂိုး– တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ထိုးဖောက်ကစား

ရှက်ဖ်ဖီးနှင့် မန်စီးတီးတို့ပွဲတွင် မန်စီးတီးတိုက်စစ်မှူး စတူရာရစ် (ယာ) **က ရှက်ဖ်ဖီးနောက်တန်းကို ဤသို့ ထိုးဖောက်ကစားရန် ကြိုးစားခဲ့သည်။**

(အင်တာနက်ဓာတ်ပုံ)

အက်ဖ်အေစတုတ္ထအဆင့် အနိုင်/အရှုံး

အာဆင်နယ်	၃	–	၀	နယူးကာဆယ်
ဒါဘီ	၁	–	၄	ပရီစတန်
လီဗာပူး	၅	–	၂	ဟာဗန့်
ပီတာဘိုရို	၀	–	၃	ဝက်စ်ဘရွန်း
ပို့စ်မောက်	၂	–	၁	ပလိုင်းမောက်
ဝီဂန်	၁	–	၂	ချယ်လ်ဆီး

စီးရီးအေ အနိုင်/အရှုံး

အေစီမီလန်	၂	–	၀	ဂျီနိုအာ
အတ္တလန္တာ	၂	–	၂	ရက်ဂျီးနား
ကာဂလီယာရီ	၂	–	၁	နာပိုလီ
ကာတာနီယာ	၀	–	၀	ပါးမား
အမ်ပိုလီ	၀	–	၂	ဖီအိုရင်တီးနား
တိုရီနို	၀	–	၀	လာဇီယို
အူဒီးနိစ်	၀	–	၀	အင်တာမီလန်။

တရုတ်ပန်းသီး၊ ကာနေးရှင်းပန်းနှင့် နှင်းချယ်ရီပန်း ရောင်းချသူများလာ၍ ယခုနှစ်တွင် အဝင်များ

❒ ကျောဖုံးမှ

ငရုတ်သီး

ငရုတ်သီးဈေးနှုန်းမှာ အစိမ်းအတောင့်ကြီး တစ်ပိဿာလျှင် ကျပ် ၅၀၀၊ ကျပ် ၆၀၀ ဈေးရှိသည်။ ရွှေအပ်ဟုခေါ်သည့် ငရုတ်သီးသေးသေးလေးများမှာ ယခင် တစ်ပိဿာကျပ် ၃၄၀၀ ဝန်းကျင်ဈေးရှိရာမှ ယခုသီတင်းပတ်တွင် တစ်ပိဿာ ကျပ် ၂၂၀၀ ဈေးသာ ရှိတော့သည်။

ဂေါ်ဖီ

အသုံးများသည့် ဂေါ်ဖီထုပ်ဈေးမှာတော့ မင်းလှ၊ အုတ်ဖိုတို့မှ ဂေါ်ဖီထုပ်ကားများအဝင်များ၍ ယခင် ဂေါ်ဖီတစ်ထုပ်လျှင် ကျပ် ၂၀၀၊ ကျပ် ၃၀၀ ဈေးရှိနေရာမှ ကျပ် ၁၅၀၊ ကျပ် ၂၀၀ သာ ဈေးရှိတော့သည်။

ပန်းမုန်လာဈေးမှာ အပွင့်ကြီး တစ်ပွင့်လျှင် ကျပ် ၁၈၀၊ ၂၀၀ ဝန်းကျင် ဈေးရှိသည်။

သီရိမင်္ဂလာဈေး၌ ဂျင်း(ချင်း)များ အလျှံအပယ် ရောင်းဝယ်ကြရာဝယ်။

ငရုတ်သီးအမှည့်အစို တစ်ပိဿာလျှင် ယခင်တစ်ပတ်က တစ်ပိဿာ ကျပ်၂၅၀၀ ဈေးရှိရာမှ ယခုတစ်ပတ်တွင် ကျပ် ၁၄၀၀ အထိ ဈေးကျသွားသည်။

ရွှေပဲသီးတစ်ပိဿာလျှင် ကျပ် ၄၀၀၊ ကျပ် ၅၀၀ သာ ဈေးရှိသည်။ မုံရွာ ခရမ်းချဉ် အဝင်ပုံမှန်ဖြစ်နေ၍ တစ်ပိဿာ ကျပ် ၄၀၀ ဝန်းကျင်တွင် ဈေးငြိမ်နေသည်။

ဘူးသီး

တွံတေးမြို့ဝန်းကျင်မှ ဘူးသီးများ အဝင်များလာ၍ ဘူးသီးတစ်လုံးလျှင် ယခင်တစ်ပတ်က ကျပ်၄၀၀ ဝန်းကျင် ဈေးရှိရာမှ ယခုသီတင်းပတ်တွင် တစ်လုံးလျှင် ကျပ် ၂၀၀၊ ကျပ် ၃၀၀ သာ ဈေးရှိသည်။

ပြင်ဦးလွင်မှထွက်သော မုန်ညင်းဈေးနှုန်းမှာ တစ်ပိဿာကျပ်၇၀၀ ဈေးရှိနေပြီး ဖရုံသီးအဝင်နည်း၍ တစ်လုံး ကျပ် ၈၀၀ ဝန်းကျင်ဈေးရှိနေသည်။

ဂျင်း(ချင်း)

ယခုတစ်ပတ် ဂျင်း(ချင်း)ဈေးမှာ အောင်ပန်းမြို့ဝန်းကျင်မှ ဂျင်း(ချင်း) အဝင်များ၍ ယခင်က တစ်ပိဿာလျှင် ကျပ် ၅၀၀၊ ကျပ် ၆၀၀ ရှိရာမှ ယခုသီတင်းပတ်တွင် ဖောက်သည်ဈေး ကျပ် ၄၀၀ သာ ဈေးရှိသည်။



တရုတ်မှလာသော ကာနေး ရှင်း ပန်းနှင့် နှင်းချယ်ရီပန်း များ ကို သီရိမင်္ဂလာဈေး၌ ရောင်းချလျက် ရှိသည်ကို တွေ့ရစဉ်။

ထွက်သော ဂန္ဓမာပန်းမှာ အပွင့်လုလု အပွင့် ၂၀ ပါ တစ်စည်းလျှင် ကျပ် ၁၅၀၀ အထိ ဈေးရှိသည်။

တရုတ်မှတင်ပို့သော ကာနေးရှင်းပန်းမှာ ပန်းဈေးကွက်တွင်အမြင့်ဆုံးဈေးဖြစ်ပြီး တစ်စည်းလျှင် ကျပ် ၂၀၀၀ ဈေးရှိသည်။ တရုတ်မှလာသော နှင်းချယ်ရီပန်းမှာလည်း အမြင်ဆန်း၊ အလှဆန်းပြီး တစ်စည်းလျှင် ကျပ် ၁၂၀၀ ရှိသည်။

တစ်နေ့လျှင် ရှစ်စီးခန့် ဝင်ရောက်နေရာမှာ သုံးစီးခန့်သာ ဝင်တော့သည်။

သို့သော်လည်း အရသာ အချိုပိုလေးသောပျားလိမ္မော်များ မိုင်းဆတ်မှဝင်ရောက်လာသည်။ အလုံး ၈၀ ပါ ဂျပ်ဖာတစ်လုံးလျှင် ကျပ် ၁၂၅၀၀ ဈေးရှိသည်။ တစ်ဆင့် ပြန်ရောင်းချသူများက တစ်ဖာချင်းသော် လည်းကောင်း၊ ၁၀ လုံးတစ်ထုပ်သော်လည်းကောင်း ရောင်းချလျက်ရှိသည်။ ပျားလိမ္မော်သီးများ အဝင်လိုင်၍ ယခင် ၁၀ လုံးပါ ပိုက်အိတ်တစ်အိတ်လျှင် ကျပ် ၁၀၀၀ ရှိနေရာမှ ယခုအခါ ကျပ် ၅၀၀၊ ၆၀၀ သာ ဈေးရှိတော့သည်။

ယခုအချိန်တွင် ဖရုံသီး၊ သံပရာသီး ရှားနေဆဲဖြစ်၍ ဈေးမာနေသည်။ သံပုရာသီး အလုံးသေးသေးများပင် တစ်လုံးလျှင် ကျပ် ၆၀၊ ၇၀ ဈေးရှိနေသည်။ ရှောက်သီးဈေးမှာ တစ်လုံး ကျပ် ၃၅၀ ရှိသည်။

ပန်းဈေးကောင်း

ကြံခင်းမြို့နယ်မှထွက်သော သစ္စာပန်းဈေးမှာ တစ်စည်းလျှင် ကျပ်၆၀၀မှ ၈၀၀ အထိ ဈေးရှိသည်။ ခရမ်းမြို့နယ်မှ မေမြို့ပန်းဟုခေါ်သော ပန်းမှာ ရွှေတောင်၊ ကြံခင်းတို့မှ အဝင်များလာပြီး တစ်စည်းလျှင် ကျပ်၄၀၀၊ ၅၀၀ ဈေးရှိသည်။ ဂန္ဓမာပန်းအပွင့်သေးမှာ တစ်စည်းလျှင် ကျပ်၅၀၀၊ ၆၀၀ ဈေးရှိသည်။

သစ်သီးဝလံ

သစ်သီးဝလံဈေးမှာ သီပေါမှ ထွက်သော လိမ္မော်သီးများ အဝင်နည်း၍ ဈေးအနည်းငယ် ပြန်တက်လာသည်။ ယခင်က လိမ္မော်သီးကား

ပန်းသီးဈေးကွက်

ယခုနှစ်တွင် တရုတ်နိုင်ငံမှ ပန်းသီး တင်သွင်းရောင်းချသူများလာ၍ ပန်းသီးကားများ အဝင်များပြီး ဈေးနှုန်းကျဆင်းခဲ့ရကြောင်း

သီရိမင်္ဂလာဈေး ပန်းဈေးကွက်မှာ ရောင်းကြဝယ်ကြ။

သီရိမင်္ဂလာဈေး၌ မရန်းသီးများ လှိုင်လှိုင်ပေါ၍ ဝယ်သူအကြိုက် ဖြစ်ခဲ့သည်။

သီရိမင်္ဂလာဈေးမှ ပန်းသီးကုန်သည်တစ်ဦးက ပြောသည်။

ပန်းသီးဈေးမှာ ယခင်နှစ်က ပန်းသီးတစ်လုံး ပျမ်းမျှ ကျပ် ၃၅၀၊ ၄၀၀ ရှိနေရာမှ ယခုနှစ်တွင် လေးလုံး တစ်ထောင်၊ သုံးလုံး တစ်ထောင် လောက်သာရှိတော့သည်။ ယခုအထိ ပန်းသီးများ ပေါနေဆဲဖြစ်သည်။

သို့သော်လည်း မန္တလေးနှင့် မိတ္ထီလာတစ်ဝိုက်မှ ထွက်သော ဆီး(ဇီး) ပန်းသီးများ အဝင်နည်းသွားသည်။ ပြင်ဦးလွင်မှ ထွက်သော စတော်ဘယ်ရီသီးမှာ ယခင်က ခြင်းငယ်တစ်ခြင်းလျှင် ကျပ် ၇၀၀ ဈေးရှိနေရာမှ ယခု ကျပ် ၄၀၀ သာ ရှိတော့သည်။ ။ **(မြန်မာ့အလင်း)**

မော်လမြိုင် ကျိုက်သုတ်စေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်ရန် ရွှေစင်ရွှေပြားလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၇

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ကျိုက်သုတ်စေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန်အတွက် ရွှေစင်ရွှေပြားများ လှူဒါန်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက်တွင် အဆိုပါစေတီတော်မြတ်ကြီးရှိ ဓမ္မာရုံ၌ ကျင်းပရာ ရှေးဦးစွာ အလှူရှင်မိသားစုများက ရွှေစင်ရွှေပြားများ လှူဒါန်းရခြင်းကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် မော်လမြိုင်မြို့ အောက်လမ်းမကြီး သဘော်လဲရပ်နေ အလှူရှင် ဒေါ်သောင်းကြည် မိသားစုက (၉)လက်မပတ်လည် တစ်ကျပ်သား ရွှေစင်ရွှေပြားလေးချပ်တို့ကို လည်းကောင်း၊ ဒေါ်သန်းသန်း မိသားစု၊ ဦးယုဆွန်-ဒေါ်မြတင် မိသားစု၊ ဦးချန်ထွန်း-ဒေါ်တင်တင်(ဒေါ်တင်တင် လက်ဖက်ခြောက်)မိသားစု၊ ဒေါ်ခင်စီ မိသားစု၊ ဒေါ်ရီဝေ-ဒေါ်ကြည် မိသားစု၊ ဦးခင်ထွန်း-မဇင်မာသန့်(ပြည်ရတနာရွှေဆိုင်)၊ ဒေါ်သိန်းသိန်း-ဒေါက်တာ ဒေါ်မြဝင်းကြည် မိသားစု၊ ဒေါက်တာတန်မြင့်မောင်-ဒေါက်တာ ဒေါ်ခင်ရီသင်း မိသားစု၊ မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက်နေ ဦးဝင်းနိုင်-ဒေါ်မြတ်မြတ်မိုး မိသားစုတို့က (၉)လက်မပတ်လည် တစ်ကျပ်သား ရွှေစင်ရွှေပြားတစ်ချပ်စီတို့ကို လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။ **(အောက်ပုံ)**

ဆက်သွယ်နိုင်

၂၀၀၈ ခုနှစ် မတ် ၂၁ ရက်တွင် ကျင်းပမည်ဖြစ်သော လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပွဲတွင် လှူဒါန်းလိုသူများသည် ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရွှေရင် ဖုန်း-၀၅၇-၂၅၅၃၁၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဇော် ဖုန်း-၀၅၇-၂၅၅၉၂၊ စေတီတော်ကြီး ဖုန်း-၀၅၇-၂၄၆၉၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၈-၁-၂၀၀၈ ရက် (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်)ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၁၀	၇။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၂၀	၈။	လုပခံ့ညားဖျာပုံတံတား
၈:၃၀	၉။	International News
၈:၄၅	၁၀။	Grammar made Easy
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Demonstration Exercise for Correct Pronunciation
၁၆:၄၅	၄။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (အရှေ့တိုင်းပညာအထူးပြု) [အရှေ့တိုင်းပညာ]
၁၇:၀၀	၅။	အကပဒေသာ
၁၇:၀၅	၆။	**ချောင်းကမ်းဘေးက ရွာကလေး** နွဲ့နွဲ့စန်း၊ မြင့်မြင့်ခိုင်၊ ထင်ပေါ်၊ သဇင် [ဒါရိုက်တာ-မြင့်စိုး (ဝ/သရန်ကုန်)]
၁၇:၁၅	၇။	မြန်မာစာ မြန်မာစကား
၁၇:၂၀	၈။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
၁၇:၄၀	၉။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၈:၀၀	၁၀။	ညနေခင်းသတင်း
၁၈:၃၀	၁၁။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၂။	အလှရှာမယ် လှကမ္ဘာဝယ်
၁၉:၀၀	၁၃။	တေးဂီတအစီအစဉ်
၁၉:၁၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **မြူနိုးဝေဝေ ချစ်သက်တည်** (အပိုင်း-၁၈)
၂၀:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်စေတမန်** (အပိုင်း-၂၀)

ပန်းတစ်ပွင့်တောင်ဆရာတော် တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂၇

ပန်းတစ်ပွင့်တောင် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရသည် ဇန်နဝါရီ ၂၉ ရက်ည၌ တည်းကုန်းတရားပွဲ၊ ဖေဖော်ဝါရီ ၂ ရက် ည၌ ရန်မျိုးအောင်စေတီမြောက်ဥက္ကလာပ တရားပွဲ၊ ၃ ရက်ည၌ ဝါးတစ်ရာ ရွှေပြည်သာတရားပွဲ၊ ၁၁ ရက် ည၌ လှိုင်မြို့နယ် မိုးကုတ်ကျောင်းတရားပွဲ၊ ၁၈ ရက်ည၌ အုတ်ကျင်း ဘူတာရုံလမ်း ၁၃ ရပ်ကွက် လှိုင်မြို့နယ် တရားပွဲ၊ ၂၈ ရက် ည၌ ရွှေပြည်သာ ၁၆ ရပ်ကွက် သီရိမင်္ဂလာဆွမ်းလောင်းဓမ္မာရုံ တရားပွဲများ၌ တရားတော်များ ဟောကြားတော်မူမည် ဖြစ်သည်။

(က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၁-၂၀၀၈(တနင်္လာနေ့)

AM & PM

၇:၀၀ - ၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ - ၁:၀၅	**နှစ်ဖက်လုပိုင်ရှင်သူတော်စင်** တရားတော် (ဆရာတော်ဘဒ္ဒန္တတေဇာစာရ)
၈:၀၅ - ၂:၀၅	Soccer Update
၈:၂၀ - ၂:၂၀	တေးဂီတအစီအစဉ်
၈:၂၅ - ၂:၂၅	ပူဇော်ထိုက်က ပူဇော်ရ
၈:၄၀ - ၂:၄၀	သဘာဝကပေးတဲ့အကျိုးအာနိသင်
၉:၀၀ - ၃:၀၀	တေးဂီတအစီအစဉ်
၉:၀၅ - ၃:၀၅	ပြည်တွင်းသတင်းအကျဉ်း
၉:၁၅ - ၃:၁၅	တိုးပွားဆောင်ရွက် နိုင်ငံ့လက်ဖေးကူမွေးမြူ ဒို့အတူ (ကြက်မွေးမြူရေး)
၉:၃၀ - ၃:၃၀	တေးဂီတအစီအစဉ်
၉:၃၅ - ၃:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၄၀ - ၃:၄၀	MRTV-4 ကျန်းမာရေးကဏ္ဍ (သွေးလှူဒါန်းခြင်းဆိုင်ရာ သိကောင်းစရာများ) (ဒေါက်တာသီတာအောင်နှင့် တွေ့ဆုံခြင်း)
၁၀:၀၅ - ၄:၀၅	တေးဂီတအစီအစဉ်
၁၀:၁၀ - ၄:၁၀	မိုးလေဝသခန့်မှန်းချက်
၁၀:၁၅ - ၄:၁၅	Ecotourismဆွဲဆောင်ဖို့ သဘာဝကိုထိန်းသိမ်းစို့ "ဖိုးကျားဆင်စခန်း" အပိုင်း(၂)
၁၀:၂၅ - ၄:၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၃၅ - ၄:၃၅	တေးဂီတအစီအစဉ်
၁၀:၄၅ - ၄:၄၅	MRTV-4 စာအုပ်စင်ကဏ္ဍ(Myanmar Tribune ဂျာနယ်စီစဉ်သူ အောင်ကျော်ဆန်းနှင့်တွေ့ဆုံခြင်း)
၁၁:၀၅ - ၅:၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၁၀ - ၅:၁၀	ချိုသောအေးသောမွှေးသောရင်ကိုစွဲငြိစေသော စားသောက်ဖွယ်ရာ
၁၁:၃၅ - ၅:၃၅	Yangon Panorama (Beyond The Golden Age Myanmar Women Art Exhibition)
၁၂:၀၀ - ၆:၀၀	တေးဂီတအစီအစဉ်
၁၂:၁၅ - ၆:၁၅	ကလေးများအတွက် ပါးစပ်ထဲမှ သွားကလေးများအကြောင်းသိကောင်းစရာ
၁၂:၃၀ - ၆:၃၀	ထူးထူးခြားခြား ရာသီဥတုဖြစ်စဉ်များ
၁၂:၄၅ - ၆:၄၅	ဆောင်းလခါမီ၊ ဒါနဝေစည် တူညီဆင်နွှဲ၊ ဆွမ်းလောင်းပွဲ
၁:၀၀ - ၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Africa Cup of Nations(2008) ဘောလုံးပွဲစဉ်များ

ညပိုင်း	အုပ်စုနောက်ဆုံးပွဲစဉ်	ပြသမည့်လိုင်း
၉:၃၀	Ghana - Morocco	Euro Sports (Live)
၉:၃၀	Guiene - Namibia	Euro Sports (Live)

ပညာ့အလင်းဖြင့် နိုင်ငံ့အကျိုးပြုကြမည်

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးကို တိုးတက်အောင်လုပ်ဆောင်ရာတွင် လူသားတို့၏ အသိဉာဏ်နှင့် ပညာဗဟုသုတကို ဦးစွာမြှင့်တင်ရန် လိုအပ်သည်။ ဉာဏ်အမြော်အမြင်ကို ဗဟုသုတများမှ ရရှိသည်။ ဗဟုသုတကို စာအုပ်စာပေများ၊ ရေဒီယို၊ တီဗွီ၊ အင်တာနက်စသည့် သတင်းနှင့်နည်းပညာ ဆက်သွယ်မှုများမှ အချိန်နှင့်တစ်ပြေးညီ ရယူနိုင်သည်။ ဗဟုသုတရှိမှ အသိဉာဏ် ရင့်သန်မည်။ ရင့်သန်သော အတွေးအခေါ်နှင့်ဉာဏ်အမြော်အမြင်ရှိမှ မျက်မှောက်ကမ္ဘာတွင် ဖြစ်ပျက်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေတို့ကို မှန်ကန်သော ရှုထောင့်က ရှုမြင်ပြီး မိမိနိုင်ငံကို ပိုမိုတိုးတက်အောင် စွမ်းဆောင်နိုင်မည်။ အသိဉာဏ် နိုးကြားမှုနှင့် ပညာဗဟုသုတမြင့်မားမှုတို့ကြောင့် ဖွံ့ဖြိုးတိုးတက်ခြင်းကို ဖြစ်ပေါ်နိုင်သည်မှာ ထင်ရှားပါသည်။

အသိပညာဗဟုသုတသည် စွမ်းအားတစ်ရပ်ဖြစ်သည်။ မြန်မာတို့ အစဉ်အလာအရ ပညာ၊ သမာ၊ အာဘာနတ္ထိဟု ခံယူနားလည်ကြသည်။ ပညာသည် တန်ခိုးကိုဖန်ဆင်းနိုင်သည်။ ပညာနှင့်တူသော အလင်းရောင်သည် မရှိ။ ပညာ၏အလင်းရောင်ဖြင့် အမှောင်ကိုပယ်ခွင်းနိုင်သည်။ ပညာပြည့်ဝသူသည် အမှန်အမှားကို ခွဲခြားသိမြင်နိုင်သည်။ ခေတ်အခြေအနေကို အမှန်အတိုင်းသိသောသူများ၊ ပညာအမြော်အမြင်ရှိသောသူများ ဖြစ်ရန် ပြည်သူအများ စာဖတ်ကြရန်လိုသည်။ စာပေဗဟုသုတ မပြည့်စုံပါက အသိတရားနည်းပါးနိုင်၍ အမှားအမှန် အကောင်းအဆိုးကို ဝေဖန်ပိုင်းခြားရန် ခက်ပေလိမ့်မည်။ ထို့ကြောင့် မန်လည်ဆရာတော်ရှင်ဇဝနက မာဃဒေဝလင်္ကာသစ်တွင် **“မရှိပညာ၊ ဤလူ့ရွာ၌၊ ကျမ်းစာနီတိ၊ ဓာတ်မသိက၊ မျက်စိစုံကန်း၊ လူဖြစ်ဆန်းမျှ၊ ပေါက်ပန်းပမာ၊ မှတ်တို့ရာ၏”**ဟူ၍ ဆိုခဲ့ပေသည်။ထို့အပြင် စာပေလေ့လာဖတ်ရှုခြင်း အကျိုးများပုံကို ရှင်မဟာရဋ္ဌသာရက **“မှတ်ဖွယ်မှတ်ရာ၊ ထိုထိုစာကို၊ ရှာ၍မပြတ်၊ အိမ်တွင်ဖတ်၊ ဖတ်ပြန်သော်ကား၊ ဖတ်ဖန်များက၊ သားမယားပင်၊ သိမြင်ကင်းကွာ၊ မလိမ္မာလည်း၊ စာပေစကား၊ နေ့တိုင်းကြားက၊ ထူးခြားလိမ္မာ၊ ရှိသည်သာတည်း”**ဟု ဖွဲ့ဆိုခဲ့ပေသည်။ စာကြည့်တိုက်နှင့် ပညာဗဟုသုတ၊ ပညာဗဟုသုတနှင့်အသိဉာဏ်မြင့်မားမှု၊ အသိဉာဏ်မြင့်မားမှုနှင့် နိုင်ငံတိုးတက်ရေးတို့သည် တစ်ခုနှင့်တစ်ခု အကြောင်းအကျိုး ပြုဆက်စပ်လျက်ရှိသည်။

ယနေ့နိုင်ငံတော်တွင် ပြည်သူအများ ပညာဗဟုသုတ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံမြင့်မားစေရန် ရည်ရွယ်၍ ပညာဘဏ်တိုက် စာကြည့်တိုက်များကို နိုင်ငံတော်တစ်ဝန်း တည်ထောင်ဖွင့်လှစ်လျက်ရှိပါသည်။ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်စေရန်လည်း အဘက်ဘက်မှ အစီအစဉ်များချမှတ်ပြီး နည်းလမ်းပေါင်းစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရန်အတွက် သင်ကြားရေးအထောက်အကူပြု စာကြည့်တိုက်များ ဆောင်ရွက်နေသကဲ့သို့ တက္ကသိုလ်ကောလိပ်များတွင် နိုင်ငံတကာအဆင့်မီ နည်းပညာများကို အသုံးပြုလျက် ခေတ်မီစာကြည့်တိုက်များဖြစ်ရန် ဆောင်ရွက်ပေးနေသည်။ ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်နှင့်မြို့နယ်များကလည်း **‘နယ်လှည့်စာကြည့်တိုက်’**နှင့် **‘ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ’** ဖွင့်လှစ်က **‘ပညာဘဏ်တိုက်စာကြည့်တိုက်’**ဆိုသည့် ဆောင်ပုဒ်နှင့်အညီ အစွမ်းကုန်မြှင့်တင် ဖော်ဆောင်ပေးလျက်ရှိသည်။ မြို့ပြ၊ ကျေးလက်စာဖတ်ပရိတ်သတ်များကို စာကြည့်တိုက်များမှတစ်ဆင့် ပညာရယူ အသိပညာပွားစေကာ နိုင်ငံရေးရာအဖြာဖြာတွင် အစီအမံမျိုးစုံနှင့် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံလူဦးရေ၏ ရာခိုင်နှုန်း ၇၀မှာ ကျေးလက်နေပြည်သူများဖြစ်သည်။ ကျေးလက်ပြည်သူများ၏ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပညာဗဟုသုတ အတွေ့အကြုံများ ပိုမိုရှိလာစေရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျေးရွာတိုင်း၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ထူထောင်ဖွင့်လှစ်နေခြင်းဖြစ်သည်။ ဤလုပ်ငန်းသည် နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အမှန်တကယ်လိုအပ်သည့် လုပ်ငန်းများဖြစ်ပြီး မဖြစ်မနေ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် အမျိုးသားရေးတာဝန်တစ်ရပ်လည်း ဖြစ်သည်။

ကျေးလက်ဒေသများဖွံ့ဖြိုးပါမှ နိုင်ငံတော်ကြီး အမှန်တကယ် ဖွံ့ဖြိုးသည်ဟု ဆိုနိုင်သည်။ ကျေးလက်နေပြည်သူများ အသိဉာဏ် ဗဟုသုတ ဖွံ့ဖြိုးမှသာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေးတို့ ဖွံ့ဖြိုးတိုးတက်လာပြီး လူနေမှုအဆင့်အတန်းလည်း တိုးတက်လာမည်ဖြစ်သည်။ ထိုသို့ ဖွံ့ဖြိုးတိုးတက်နေစေရန် စာပေကို ဖတ်ရှုလေ့လာကြရပါမည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ရေး

ရှိန်းမြသင်း

စီမံကိန်းကို ၂၀၀၄–၂၀၀၅ခုနှစ်က စတင်ဆောင်ရွက်ခဲ့ပါသည်။ ယခုအခါ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ပေါင်း ၅၅၇၅၅ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ခြင်းကြောင့် ကျေးလက်နေလူကြီးလူငယ် ပြည်သူများ အလွယ်တကူစာဖတ်ရှုလေ့လာနိုင်ခြင်း၊ အသိပညာ ဗဟုသုတ တိုးပွားခြင်း၊ အမှန်အမှားကို ဝေဖန်ပိုင်းခြားနိုင်ခြင်း၊ အချိန်ကို အကျိုးရှိစွာအသုံးချနိုင်ခြင်း၊ ယဉ်ကျေးသိမ်မွေ့၍ ကိုယ်ကျင့်တရားကောင်းမွန်စေခြင်းနှင့် နိုင်ငံတော်ကို အလုပ်အကျွေးပြုမည့် သားကောင်း၊ သမီးကောင်းရတနာများ ပေါ်ထွန်းစေခြင်း စသည့်အကျိုး တရားများ ရရှိခံစားနိုင်မည် ဖြစ်ပေသည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ ပညာဖြင့် အရာရာကို စေစားနိုင်သည့်အချိန်အခါတွင် မိမိတို့နိုင်ငံအနေဖြင့် ယင်းသို့ စာကြည့်တိုက်များဖွင့်လှစ်ခြင်းသည် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရန် ပညာရည်မြင့်မားရေးကို အလေးပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပေါ်လွင်စေပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ရာတွင် အဓိကအားဖြင့် နိုင်ငံတော်၏အား၊ စေတနာရှင်ပြည်သူများ၏အားနှင့် ဒေသခံပြည်သူများ၏အား ဟူသော အားသုံးအားကို ရယူဆောင်ရွက်ခဲ့သည်။ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက်လည်း ရှေ့လုပ်ငန်းစဉ်ငါးရပ်ကို ချမှတ် ဆောင်ရွက်လျက်ရှိပါသည်။

စာကြည့်တိုက်တစ်ခု တိုးတက်ရန်အတွက် စာကြည့်တိုက်ရှိ စာအုပ်များကို စာဖတ်သူ၊ စာငှားသူတို့လက်သို့ ပျံ့နှံ့ရောက်ရှိရန် လိုအပ်သည်။ စာကြည့်တိုက်၏တိုးတက်မှုသည် စာဖတ်သူဦးရေ မည်မျှထိ တိုးပွားလာသည် ဆိုသည့်အပေါ်တွင် တည်မှီနေသည်။ စာကြည့်တိုက် အသုံးပြုမှုများလေ စာကြည့်တိုက်လုပ်ငန်းအောင်မြင်မှု ရရှိလေဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ တိုးတက်မှုကို စာကြည့်တိုက်တွင် ပြည်သူတို့မည်မျှ အသုံးပြုကြသည် ဆိုသည့် **‘စံ’**ဖြင့် တိုင်းတာနိုင်သည်ဟု ဆိုကြပါသည်။ ထို့ကြောင့် ပြည်သူအများ စာဖတ်လိုစိတ်ရှိစေရန်နှင့် စာကောင်းပေမွန်များ ဖတ်ကြစေရန် စာကြည့်တိုက်တွင် လက်တွေ့တာဝန်ယူကြသူများ၏ စိတ်နေစိတ်ထား စေတနာနှင့်ခံယူချက်သည် အရေးပါပေသည်။ စာကြည့်တိုက်တွင်းသို့ လာရောက်ဖတ်ရှု လေ့လာသူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မှသာ စာကြည့်တိုက်ကို အသုံးပြုမှုများမည်။ သို့ပါ၍ စာကြည့်တိုက်တွင် တာဝန်ထမ်းဆောင်သူများ၏ အရည်အသွေးမြင့်မားလာစေရန် လေ့ကျင့်ပျိုးထောင်မှုများကိုလည်း အလျဉ်းသင့်သလို ဆောင်ရွက်ရပါသည်။

စာပေမြင့်မှ လူမျိုးတင့်မည်။ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ခြင်းဖြင့် နိုင်ငံအနှံ့ မြို့ပြ၊ ကျေးလက် ပြည်သူတစ်ရပ်လုံး စာအုပ်စာပေများကို လက်လှမ်းမီစွာ ဖတ်ရှုလေ့လာနိုင်ကြမည်။ လူတစ်ဦးချင်း၏ စာပေဗဟုသုတမြင့်မားမှုမှသည် အဖွဲ့အစည်းအလိုက်၊ နိုင်ငံအလိုက် စာပေဗဟုသုတမြင့်မား၍ အသိဉာဏ်နိုးကြား ပွင့်လင်းမည်။ ထိုနိုးကြားပွင့်လင်းသော အသိဉာဏ်ဖြင့် နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကို တာဝန်ယူ ဆောင်ရွက်နိုင်စွမ်းရှိမည်။

စာကြည့်တိုက်များသည် စာအုပ်စာတမ်းများနှင့် ပြည်သူလူထုကို ဆက်သွယ်ပေးနေသော အသိပညာဗဟုသုတ ရယူနိုင်သည့်နေရာဌာနဖြစ်သည်။ ဗဟုသုတလိုလားသူတို့ လွတ်လပ်စွာ ပညာရှာဖွေနိုင်သော ပညာဘဏ်တိုက်ကြီးလည်း ဖြစ်သည်။ ပညာရှင်များမွေးထုတ်ပေးရာ လူထုတက္ကသိုလ်လည်း ဖြစ်သည်။ နိုင်ငံတစ်ဝန်း စာကြည့်တိုက်များ ဖွင့်လှစ်တည်ထောင်ရေးလုပ်ငန်းသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး အထောက်အကူပြု အမျိုးသားရေးကြီးပမ်းမှုတစ်ရပ်လည်း ဖြစ်သည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်ကြီးဖြစ်စေရန်အတွက် ဝိုင်းဝန်းကြိုးပမ်း စွမ်းဆောင်ကြမည့် အသိပညာရှင်၊ အတတ်ပညာရှင်များ အပါအဝင် ပြည်သူများအား အသိပညာ၊ ဗဟုသုတနှင့် စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးစွမ်းနိုင်သည့် စာကြည့်တိုက်များကို နိုင်ငံတစ်ဝန်း၌ ရှင်သန်ခိုင်မာစေရန် ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြရမည်။ သို့မှသာ တိုးတက်လာသော စာကြည့်တိုက်များ၏ အမှောင်ခွင်း အလင်းဆောင်နိုင်သည့် စာပေများမှရရှိသော အသိပညာ၊ အတတ်ပညာများဖြင့် အနာဂတ် နိုင်ငံတော်ကြီးအား နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရန် အောင်မြင်စွာ ကြိုးပမ်းထမ်းဆောင်နိုင်ကြမည့် ပညာပြည့်ဝနှလုံးလှသော နိုင်ငံသားများ ပေါ်ထွန်းလာမည်မှာ မလွဲဧကန် ဖြစ်ပါသည်။ ။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်စေရန်အတွက် ဝိုင်းဝန်းကြိုးပမ်း စွမ်းဆောင်ကြမည့် အသိပညာရှင်၊ အတတ်ပညာရှင်များအပါအဝင် ပြည်သူများအား အသိပညာ၊ ဗဟုသုတနှင့် စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးစွမ်းနိုင်သည့် စာကြည့်တိုက်များကို နိုင်ငံတစ်ဝန်း၌ ရှင်သန်ခိုင်မာစေရန် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရမည်။

၂၀၀၇–၂၀၀၈ ပညာသင်နှစ် မင်္ဂလာတောင်ညွန့်မြို့နယ် ကျောင်းပေါင်းစုံ ဘက်စုံထူးချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ၂၂ရက်က အထက(၁) ကျောင်းခန်းမတွင်ကျင်းပရာ မြို့နယ်ပဋ္ဌာန်းပူဇော်ပွဲ ဝတ်ရွတ်အသင်း ပထမဆုရ အထက(၇)ဝတ်ရွတ်အသင်းအား မြို့နယ်ပညာရေးမှူး ဒေါ်လေးလေးက ဆုချီးမြှင့်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်ရည် လက်ခံယူစဉ်။ (၁၂၃)

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ဟောပြောပွဲ ပဲခူး သီရိဟံသာခန်းမ၌ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၇

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက် ရေးဆိုင်ရာ ဟောပြောပွဲကို ဇန်နဝါရီ ၂၁ရက် နံနက် ၉နာရီက ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်း သီရိဟံသာခန်းမတွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွန့်နှင့် ကော်မတီဝင်များ၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ကျောင်းသူကျောင်းသားများ တက်ရောက်ကြသည်။

ဟောပြော

ဟောပြောပွဲအခမ်းအနားတွင် ပဲခူးဒီဂရီကောလိပ် မြန်မာစာဌာန ပါမောက္ခ (ဌာနမှူး)၊ ဒေါက်တာချိုချိုတင့်(မတင့်–မြန်မာစာ)နှင့် ပဲခူးမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ တရားရုံးချုပ်ရှေ့နေ ဦးစိန်လှိုင်(စိန်လှိုင်ဗိုလ်)တို့က မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့်ပတ်သက်၍ အကျယ်တဝင့် ဟောပြောကြသည်။ **(မဝ)**

သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းရေးအတွက် ဒေါပုံမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ဇန်နဝါရီ၃ရက်က နွယ်အေးရပ်ကွက်၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ခြင်ဆေးမှုတ်ခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။

(မြို့နယ် ပြန်/ဆက်)

၂၀၀၈ခုနှစ် မောင်မြန်မာဆု အောင်ခိုင်ဝင်း ဆွတ်ခူး၊ မယ်မြန်မာဆု စုစုစံ လှသရဖူဆောင်း

သတင်း၊မြင်ကွင်း-မြင့်မောင်စိုး

စာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

စာမျက်နှာပွဲ့စည်းမှု-ထိန်လင်း

ရန်ကုန် ဇန်နဝါရီ ၂၇

မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် နိုင်ငံတော်က ကူညီအားပေးလျက်ရှိသည်။

အားကစားအဆင့်အတန်း မြှင့်တင်ပေးရာတွင် အားကစားနည်းမျိုးစုံ၌ ပြည်တွင်းပြိုင်ပွဲများနှင့် နိုင်ငံတကာ ပြိုင်ပွဲများ ယှဉ်ပြိုင်စေခြင်းဖြင့် မြန်မာ့အားကစားအဆင့်အတန်း တိုးတက်လာလျက်ရှိသည်။

မောင်မြန်မာ၊ မယ်မြန်မာပြိုင်ပွဲများ နှစ်စဉ်ကျင်းပခြင်းဖြင့် ပြည်ပပွဲစဉ်များ ယှဉ်ပြိုင်နိုင်ရန် အားကစားသမားကောင်းများ ရွေးချယ်မွေးထုတ်ပေးနိုင်မည် ဖြစ်သည်။

၂၀၀၈ခုနှစ်အတွက် မောင်မြန်မာပြိုင်ပွဲနှင့် မယ်မြန်မာ ပြိုင်ပွဲကို ဇန်နဝါရီ ၂၆ ရက်က ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ မြန်မာ့အလင်းသတင်းအဖွဲ့က တာဝန်ရှိသူများ၊ မောင်မယ်များနှင့် တွေ့ဆုံမေးမြန်းခွင့် ရခဲ့သည်။

ဒိုင်အဖွဲ့ဝင်တစ်ဦး၏ ပြောကြားချက်

ရှေးဦးစွာ၂၀၀၈ခုနှစ်အတွက် မောင်မြန်မာပြိုင်ပွဲ အကဲဖြတ်ဒိုင်အဖွဲ့ဝင်တစ်ဦးဖြစ်သည့် မောင်ဗမာ၊ မောင်ဒဂုံ၊ မောင်တက္ကသိုလ်ဆုများ ဆွတ်ခူးခဲ့ဖူးသော ဒုတိယဗိုလ်မှူးကြီး

၂၀၀၈ခုနှစ်အတွက် မယ်မြန်မာဆု ဆွတ်ခူးသွားသော စုစုစံအား အောင်နိုင်ဆုနှင့်အတူ တွေ့ရစဉ်။

မောင်မောင်သန်း(ငြိမ်း)က ပြောကြားရာတွင် **"ကျွန်တော်တို့ မောင်မြန်မာ ရွေးချယ်တဲ့နေရာမှာ အချက်ငါးချက်ကို အခြေခံပါတယ်။ အဲဒါတွေကတော့ propotionate လို့ခေါ်တဲ့ ခန္ဓာကိုယ်အချိုးအစား ညီမျှရမယ်၊ ကြွက်သားကြီးထွားမှုအပိုင်း၊ ကြွက်သားအမြောင်း ပေါ်လွင်မှု၊ ကိုယ်ဟန်ပြသခြင်းကောင်းမွန်မှု၊ ကြွက်သား အရည်အသွေး Quality နှင့် ကြွက်သား အရေအတွက် Quantity များများပါဝင်မှုစတဲ့ အချက်တွေပေါ်မှာ အခြေခံပြီး အမှတ်ပေး ရွေးချယ်ပါတယ်။**

ပြိုင်ပွဲဝင်တဲ့ပုံစံကတော့ သတ်မှတ်ကိုယ်ဟန်ခုနစ်မျိုးနဲ့ ပြိုင်စေပါတယ်။ အဲဒါတွေကတော့ Front Souble Biceps (ရှေ့တည့်တည့် လက်မောင်းနှစ်ဖက် ညှစ်ထုတ်ပြခြင်း)၊

မောင်မြန်မာဆုဆွတ်ခူးသွားသော အောင်ခိုင်ဝင်းအား MDG မှ မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်သိန်းက ဆုချီးမြှင့်ပေးစဉ်။

Front Last Spread (ရှေ့တည့်တည့် ခါးထောက်လျက် ဝမ်းသားညှစ်ထုတ်ပြခြင်း)၊ Side Chest (ဘေးတိုက် ရင်အုပ်ကြွက်သားညှစ်ထုတ်ပြခြင်း)၊ Back Double Biceps (နောက်ဘက်လှည့် လက်မောင်းနှစ်ဖက် ညှစ်ထုတ်ပြခြင်း)၊ Back Lat Spread(နောက်ဘက်လှည့် နောက်ကျောဝင်းသား ညှစ်ထုတ်ပြခြင်း)၊ Side Triceps (ဘေးတိုက် လက်မောင်းနောက်ကြွက်သား ညှစ်ထုတ်ပြခြင်း)၊ Abelominals and Thighs (နောက်ဘက်လှည့် ဝမ်းဗိုက်နှင့် ပေါင်ကြွက်သား ညှစ်ထုတ်ပြခြင်း)တို့ပဲဖြစ်ပါတယ်"ဟု ပြောကြားသည်။

မယ်မြန်မာရွေးချယ်ရာမှာ

၂၀၀၈ ခုနှစ်အတွက် မယ်မြန်မာ ရွေးချယ်မှုအပိုင်းနှင့် ပတ်သက်၍ အကဲဖြတ်ဒိုင်အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဒေါ်ခင်တင့်ဝေ(ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)က

၂၀၀၈ခုနှစ်အတွက် မောင်မြန်မာဆု ဆွတ်ခူးသွားသော အောင်ခိုင်ဝင်းနှင့် မယ်မြန်မာဆု ဆွတ်ခူးသွားသော စုစုစံတို့အား ဆုယူအပြီးတွေ့ရစဉ်။

ပြောကြားရာတွင် **"ကျွန်မတို့ မယ်မြန်မာ ရွေးချယ်ရာမှာ ပြိုင်ပွဲဝင်မယ်များ၏ ကိုယ်ဟန်အနေအထား၊ ဝတ်စားဆင်ယင်မှု၊ ကိုယ်ဟန်ပြရပ်၊လှည့်အနေအထား၊ အရပ်အမြင့်၊ ကိုယ်အလေးချိန်၊ ခါး၊ တင်၊ ရင်နှင့် အသားအရေကောင်းမွန်မှု ဆိုတဲ့အချက်တွေပေါ်မှာ အခြေခံပြီး ရွေးချယ်ပါတယ်။**

ပြိုင်ပွဲဝင်တဲ့ပုံစံတွေကတော့ ပြိုင်ပွဲဝင်များကို တစ်ဦးချင်းစီ ပုံစံလေးမျိုးနဲ့ ယှဉ်ပြိုင်စေပါတယ်။ အဲဒါတွေကတော့ ရှေ့ဘက်တည့်တည့်မှ ကိုယ်ဟန်ပြခြင်း၊ ဘေးတိုက်အနေအထားဖြင့် ဝဲယာကိုယ်ဟန်ပြခြင်းနဲ့ နောက်ဘက်မြင်ကွင်းအနေအထားနဲ့ ကိုယ်ဟန်ပြခြင်းတို့ပဲ ဖြစ်ပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

မောင်မြန်မာ၊ မယ်မြန်မာပြိုင်ပွဲများ နှစ်စဉ်ကျင်းပခြင်းဖြင့် ပြည်ပပွဲစဉ်များ ယှဉ်ပြိုင်နိုင်ရန် အားကစားသမားကောင်းများ ရွေးချယ်မွေးထုတ်ပေးနိုင်။

၂၀၀၈ ခုနှစ် မောင်မြန်မာ၊ မယ်မြန်မာပြိုင်ပွဲကို မြန်မာနိုင်ငံကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်နှင့် M. D. G Co.,Ltd. တို့က ပူးပေါင်းကျင်းပခြင်း ဖြစ်သည်။

အဓိကပံ့ပိုးမှု

ပြိုင်ပွဲတွင် အဓိကကူညီပံ့ပိုးပေးခဲ့သော MDG(Myanmar Distribution Group) ကယ်လ်ဆမ်ကွေကာမှ ဦးမင်းတလည္ဘာက ပြောကြားရာတွင်**"ကျွန်တော်တို့ဒီပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကတော့ မြန်မာ့အားကစား တိုးတက်မြင့်မားရေးအတွက် တတ်စွမ်းသမျှ တစ်ဖက်တစ်လမ်းက ကူညီပံ့ပိုးပေးတဲ့ သဘောပါပဲ။ ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ ၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတုန်းကလည်း မြဝတီက တိုက်ရိုက်ပြသခွင့်ရအောင် ကူညီပေးခဲ့ပါတယ်။ မျှော်စင်ကျွန်းမှာလည်း မြန်မာ့ရိုးရာလက်ဝှေ့ တိုးတက်အောင်မြင်ရေးအတွက် ကူညီပံ့ပိုးပေးနေပါတယ်။ အခုဒီမောင်မြန်မာ၊ မယ်မြန်မာ ပြိုင်ပွဲမှာလည်း ကျွန်တော်တို့ MDG မှ မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်သိန်းက မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှ အဖွဲ့ချုပ်ကို ငွေကျပ်သိန်း ၅၀ ပေးအပ်လှူဒါန်းပေးပါတယ်။ နောင်ပြိုင်ပွဲတွေမှာလည်း တတ်နိုင်သမျှ ကူညီပေးသွားမှာပါ"**ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

မောင်မြန်မာ

၂၀၀၈ ခုနှစ်အတွက် မောင်မြန်မာဆုကို အောင်ခိုင်ဝင်းက ဆွတ်ခူးနိုင်ခဲ့သည်။မောင်မြန်မာအောင်ခိုင်ဝင်းက အောင်မြင်မှုများနှင့် ပတ်သက်ပြီး ပြောကြားရာတွင် **"ကျွန်တော်ဆွတ်ခူးနိုင်ခဲ့တဲ့ ဆုတွေကတော့ ၂၀၀၂ခုနှစ်နဲ့ ၂၀၀၃ခုနှစ်တွေမှာ မောင်မြန်မာ ပထမဆု၊ ၂၀၀၃ခုနှစ် ဆီးဂိမ်းမှာ ကီလို ၇၀ တန်း၌ တတိယ ကြေးတံဆိပ်၊ ၂၀၀၄ခုနှစ်က အင်ဒိုနီးရှားမှာ ကျင်းပတဲ့ ကာယဗလမောင်ပြိုင်ပွဲမှာ ဒုတိယ ငွေတံဆိပ်၊ ၂၀၀၆ခုနှစ်ကကျင်းပတဲ့ အိုလံပစ်အားကစားပြိုင်ပွဲမှာ ပထမ၊ ၂၀၀၇ခုနှစ်က ထိုင်းမှာကျင်းပတဲ့ ဆီးဂိမ်းမှာ ကီလို ၇၀တန်း၌ ပထမဆုတွေ ဆွတ်ခူးနိုင်ခဲ့ပါတယ်"**ဟု ပြောကြားသည်။

မယ်မြန်မာ

၂၀၀၈ခုနှစ်အတွက် မယ်မြန်မာဆုကို စုစုစံက ဆွတ်ခူးနိုင်ခဲ့သည်။ စုစုစံသည် မယ်ပြိုင်ပွဲ သက်တမ်းတစ်လျှောက်တွင်

မောင်မြန်မာ အောင်ခိုင်ဝင်း၏ ကိုယ်ဟန်ပြသမှုကို ဤသို့တွေ့ရသည်။

ပထမဆုအများဆုံး ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။ ၎င်းဆွတ်ခူးနိုင်ခဲ့သောဆုများမှာ၂၀၀၂ခုနှစ်မှစပြီး မယ်ဒဂုံပထမဆု၊ရွှေမြန်မာမယ် ပထမဆု၊ ဝိုင်အမ်စီအေမယ် ပထမဆု၊ ပြည်နယ်နှင့်တိုင်းအလှမယ် ပထမဆု၊ မစ်စတားမယ်ပထမဆု၊ မစ်ကွင့်ချ်မယ် ပထမဆုများကိုလည်း ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အခြားဆုရရှိသူများ

မောင်မြန်မာ အငယ်တန်းပြိုင်ပွဲတွင် ခင်မောင်ကျော်က ပထမ၊ အောင်ချမ်းလင်းက ဒုတိယ၊ ပြည့်စုံက တတိယဆု ဆွတ်ခူးနိုင်ခဲ့သည်။

မောင်မြန်မာအကြီးတန်းပြိုင်ပွဲတွင် အောင်ခိုင်ဝင်းက မောင်မြန်မာဘွဲ့ကို ဆွတ်ခူးနိုင်ပြီး အောင်ဆွေနိုင်က ဒုတိယဆု ဆွတ်ခူးကာ တတိယဆုကို သန်းနိုင်က ဆွတ်ခူးရရှိသွားသည်။

မယ်မြန်မာပြိုင်ပွဲတွင် ဒုတိယဆုကို ဝတ်ရည်ဖြိုးက ဆွတ်ခူးပြီး တတိယဆုကိုငုဝါခိုင်ကဆွတ်ခူးသွားသည်။ ॥

(မြန်မာ့အလင်း)

တာမွေမြို့နယ် ကြီးပွားရေးဓမ္မာရုံ အထူးတရားပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၇

တာမွေမြို့နယ် တာမွေကြီး(က+ဂ) ရပ်ကွက်လုံးဆိုင်ရာ တာမွေကြီးပွားရေးဓမ္မာရုံ၏(၇၇)ကြိမ်မြောက် ဆွမ်းဒါနအောင်ပွဲ အထိမ်းအမှတ် အထူးတရားပွဲများကို ကျင်းပသွားမည်ဖြစ်ရာ ဇန်နဝါရီ ၃၀ ရက်တွင် ရွှေပြည်ဟိန်း ဆရာတော် အရှင်ခေမာသိရိလင်္ကာရ (သီတဂူ ကြာတစ်ပွင့်)၊ ၃၁ရက်တွင် အရှင်ပညာနန္ဒ (သီတဂူ ကြယ်တစ်ပွင့်)၊ ဖေဖော်ဝါရီ ၁ ရက် ဆည်းဆာပွဲတွင် ကြာနီကန်ဆရာတော် အရှင်ရေဝတနှင့် ညပွဲတွင် ဖြူးဆရာတော် အရှင်နရပတိတို့က တရားတော်များ ဟောကြားမည်ဖြစ်၍ ညစဉ် ၇နာရီတွင် အမှတ်(၂၄) ၁၅၇ လမ်း တာမွေမြို့နယ်ရှိ တာမွေ ကြီးပွားရေးဓမ္မာရုံ ဥပစာရှေ့သို့ ကြွရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ **(က-ပ)**

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား အလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို မြို့နယ် မိုးလုံလေလုံအားကစားကွင်း၌ ဇန်နဝါရီ ၂၀ ရက်က ကျင်းပရာ အနိုင်ရဗိုလ်စွဲသွားသော အမှတ်(၁)ရပ်ကွက်အသင်းအား မြို့နယ်ဥက္ကဋ္ဌ ဦးခင်သိန်းမောင်က တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။ (၁၂၉)

ပဲခူး ဓမ္မဒူတတောရရိပ်သာ တရားစခန်း

ရန်ကုန် ဇန်နဝါရီ ၂၇

ပဲခူးမြို့ ဆယ်မိုင်ကုန်းဂေါက်ကွင်းအနီးရှိ ဓမ္မဒူတတောရသာသနရိပ်သာတွင် ဓမ္မဒူတဆရာတော် ဒေါက်တာ အရှင်ပညိသာရကိုယ်တိုင် ဓမ္မာနုပဿနာ တရားတော်များကို ဖေဖော်ဝါရီ၁ ရက်မှ ၇ ရက်အထိ ဟောကြားပြသမည်ဖြစ်သည်။

တရားအားထုတ်လိုသော ယောဂီများ ဇန်နဝါရီ ၃၁ ရက် ညနေအရောက် လာရောက်ကြရန်နှင့် ကြိုတင်စာရင်းပေးသွင်းလိုပါက ရိပ်သာဖုန်း-၀၅၂-၂၄၅၅၀၊ ၀၉-၅၃-၀၂၀၉၂၊ ၀၉-၅၃-၀၂၅၇၀၊ ကိုကျော်နိုင်(ပဲခူး) ၀၅၂-၂၃၂၆၃ နှင့် ကိုကျော်ဆန်း (ရန်ကုန်) ဖုန်း-၀၉-၅၀-၁၇၂၉၄ တို့သို့ စာရင်းပေးသွင်းနိုင်သည်။ **(က-ပ)**

(၁၇)ကြိမ်မြောက် အကောက်ခွန်နေ့ အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၇

(၁၇)ကြိမ်မြောက် အကောက်ခွန်နေ့ အခမ်းအနားကို ယမန်နေ့နံနက် ၈နာရီက ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းရှိ အကောက်ခွန်ဦးစီးဌာန သင်တန်းကျောင်းခန်းမ၌ကျင်းပရာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံသောင်း တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်ကချီးမြှင့်သော ဝန်ထမ်းကောင်းဆုရရှိသူများ၊ အားကစားဆိုင်ရာ ဂုဏ်ပြုချီးမြှင့်ခြင်းခံရသူများ၊ ရုံးလုပ်ငန်းဆိုင်ရာ ဆုချီးမြှင့်ခြင်းခံရသူများ၊ သင်တန်းများတွင် ထူးချွန်ဆုရရှိခဲ့သူများ၊ ဌာနခွဲအလိုက် ထူးချွန်ဝန်ထမ်းများ၊ ငါးကြိမ်နှင့်အထက် သွေးလှူရှင် ဝန်ထမ်းများနှင့် ပညာရည်ချွန်ဆု ရရှိသော ဝန်ထမ်းသားသမီးများအား ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(အောက်ပုံ)**

ဇန်နဝါရီ၂၆ရက်သည်အကောက်ခွန်နေ့ ဖြစ်သဖြင့် နှစ်စဉ်နှစ်တိုင်း ကမ္ဘာတစ်ဝန်းရှိ အကောက်ခွန်ဌာန အသီးသီး၌ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပကြကြောင်း၊ မြန်မာနိုင်ငံသည် ၁၉၉၁ခုနှစ်မှစတင်၍ကမ္ဘာ့အကောက်ခွန် အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီး ယခုအခါ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၇၂ နိုင်ငံ ရှိပြီဖြစ်ကြောင်း၊ အကောက်ခွန်အဖွဲ့အစည်းများသည် အကောက်ခွန်နှင့် အခြားအခွန်အခများကို ကောက်ခံပေးရုံသာမက လူမှုအသိုင်းအဝိုင်းကို လုံခြုံမှုရှိစေရေး၊ ပတ်ဝန်းကျင်ကို ကာကွယ်ပေးရေး၊ ကုန်သွယ်မှုသဟဇာတဖြစ်ရေးနှင့် လျင်မြန်လွယ်ကူစေရေး၊ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကိုကာကွယ်စောင့်ရှောက်ရေး၊ ကုန်သွယ်မှု စာရင်းဇယားများကို ကောက်ယူစုဆောင်းရေးစသည့် လုပ်ငန်းများကို ဆောင်ရွက်ကြရကြောင်း၊ အကောက်ခွန် ရှင်းလင်းမှုလုပ်ငန်းများ လွယ်ကူလျင်မြန်ရေးအတွက် အာဆီယံပြတင်းပေါက်စနစ်ကို တည်ဆောက်အကောင်အထည်ဖော် ကျင့်သုံးရေးဆိုင်ရာ အာဆီယံသဘောတူညီချက်ကို ပါဝင်သဘောတူလက်မှတ် ရေးထိုးခဲ့ပြီးဖြစ်၍ ၂၀၁၂ခုနှစ် နောက်ဆုံးထား ဖော်ဆောင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● ကျောဖုံးမှ

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် မတူပီမြို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီး အိမ်တွင်းမှုသက်မွေးပညာ သင်တန်းကျောင်းနှင့် မတူပီမြို့နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းကျောင်းများအတွက် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် မတူပီမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် မတူပီမြို့ရှိ ဘုံတလာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် မတူပီ–ရေဇွာ ကားလမ်းဘေးဝဲယာတွင် ဖြစ်ထွန်းအောင်မြင်နေသော လက်ဖက်စိုက်ခင်းများ၊ ခြံစည်းရိုး ကြက်ဆူစိုက်ခင်းများနှင့် လမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရေဇွာမြို့သို့ ရောက်ရှိကြသည်။

မွေးမြူထား

ရေဇွာမြို့နယ်တွင် မိုးစပါးနှင့် တောင်ယာစပါး ၂၉၃၅ဧက၊ ခြံစည်းရိုး ကြက်ဆူ ၁၃၈၈ဧက၊ လက်ဖက် ၁၈ဧက စိုက်ပျိုးထားပြီး နွားနောက်ကောင်ရေ ၂၃၃၆ကောင် မွေးမြူထားကြောင်း သိရသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေး၍ ရေဇွာမြို့ မြို့နယ်ဆေးရုံသို့ရောက်ရှိပြီး ဆေးကုသမှု ခံယူနေသော လူနာများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောင်းသားကျောင်းသူများပညာရည်မြင့်မားရေး ကြိုးစား နိုင်ငံအကျိုးပြု အသုံးချသုတေသနလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၇

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ဇန်နဝါရီ ၂၁ရက်က တာဝန်ရှိသူများ လိုက်ပါလျက် မန္တလေးမြို့ ရတနာပုံတက္ကသိုလ်သို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး ဝန်ကြီးကအမျိုးသားပညာရည်မြင့်မားရေးနှင့် နိုင်ငံအကျိုးပြု သုတေသနလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ရေး တာဝန်ရှိသူတို့အား မှာကြားသည်။

အစွမ်းကုန်ကြိုးစား

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂၆) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးကာ ဆရာ ဆရာမများအား ကျောင်းသားကျောင်းသူများ ပညာရည်မြင့်မားရေးအတွက် အစွမ်းကုန် ကြိုးစားသင်ကြားပေးကြရန် မှာကြားသည်။

ဖြည့်ဆည်းမှာကြား

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတက္ကသိုလ်သို့ရောက်ရှိပြီး သုတေသနလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် နိုင်ငံအကျိုးပြု အသုံးချသုတေသနလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတက္ကသိုလ်နှင့် မန္တလေး အဝေးသင်တက္ကသိုလ်သို့ ရောက်ရှိပြီး သင်ကြားရေးနှင့် စီမံရေးကိစ္စများနှင့် စပ်လျဉ်း၍ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

တွေ့ဆုံ

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း၌ မန္တလေးမြို့ပေါ်ရှိ အထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့်တွေ့ဆုံကာ ကျောင်းအုပ်ကြီးများ၏ သင်ကြားမှုဆိုင်ရာ တင်ပြချက်များအပေါ် ဝန်ကြီးက ကျောင်းသား ကျောင်းသူများ၏ ပညာရည်မြင့်မားရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အချိန်အခါမဟုတ် မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၂၇

ယနေ့နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေဖိအားနည်းချိုင့်ဝှမ်းများ၏အရှိန်ကြောင့် ယနေ့မွန်းတည့်မှနောက် ၄၈နာရီအတွင်း ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ဓမ္မ သောက အင်းဝ ရာဇာကို ကြည့်ပြီးနောက်...

ရုပ်ရှင်သတင်းထောက်

ရန်ကုန် ဇန်နဝါရီ ၂၇

ဒါရိုက်တာကိုအောင်မင်းသိမ်း၏ လက်ရာ **ဓမ္မသောက အင်းဝရာဇာ** ဇာတ်ကားမှာ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဆက်လက် ပြသနေပြီး မန္တလေးမြို့၌ ဝင်းလိုက်နှင့် မြို့မရုံများတွင် တစ်ပြိုင်တည်း တင်ဆက်လျက်ရှိသည်။

လူမင်းအဖေ မိုးဒီက နန္ဒာလှိုင်အမေ ချိုပြုံးကို ညတုတု ချိတ်တိတ်တိတ်လုပ်နေသော်လည်း ဇာတ်သိမ်းသွားသည်အထိ ညားမသွားကြပါ။ လူမင်းနှင့် နန္ဒာလှိုင်ကလည်း အဘွားဖြစ်သူ ဒေါ်ထိပ်တင်လှိုင်ခေါ် ဒေါ်စံရှားတင်ကို ကြောက်ပြီး တစ်အိမ်တည်း မတည့်အတူနေကြစေကာမူ တစ်ဦးကို တစ်ဦး ချစ်လျက် သံယောဇဉ်မရှိ၊ အဆင်မပြေသော အိမ်ထောင်သည် ဘဝကိုပြရာတွင် လေးနက်မှုထက် ဟာသဇာတ်ကဲထားသည်။ လေးနက်လျက် ဟာသစွက်သော ဇာတ်များလည်း ရယ်အောင်ရိုက်တတ်လျှင် ရယ်ရပါသည်။ အချို့ဇာတ်ဝင်ခန်းများ အိုဗာဖြစ်နေသည်ကို ပြင်လိုက်လျှင် **ဓမ္မသောကအင်းဝရာဇာ**သည် ကြည့်ကောင်းမည့် ဟာသဇာတ်မြူးကားကောင်း တစ်ကားဟု ဆိုရသော်လွန်အံ့မထင်။

ဓမ္မသောက အင်းဝရာဇာဇာတ်ကားမှ လူမင်းနှင့် နန္ဒာလှိုင်။

နိုင်ငံခြားဇာတ်ကားသစ်များ

ရွှေဆောင်ရုံတွင် မင်းသားရှာရွတ်ခန်နှင့် မင်းသမီးဒီပီကားတို့ ခေါင်းဆောင်ပါဝင်ထားသော OM Shanti OMအိန္ဒိယအချစ် ဒရာမာကား ရုံဝင်လာသည်။ ဇာတ်လမ်းကျောရိုးမှာ စစ်မှန်သော အချစ်စစ်ဟူသည် ဘဝဆက်တိုင်းဆက်တိုင်းမသေ ရှင်သန်လျက်ရှိသည်ဟူသော ဒဿနကို ဇာတ်လမ်းဖွဲ့ရိုက်ကူးထားသော ရင်နင့်ဖွယ် အချစ်ဇာတ်ကားဖြစ်သည်။ နေပြည်တော်ရုံတွင် ရုံဝင်လာသော Hitman အက်ရှင်ဇာတ်ကားမှာ အေးဂျင့် 47 ၏ ကြေးစားဘဝကို မှဆိုးအဖြစ်မှ သားကောင်ဖြစ်သွားရပုံများကို သည်းထိတ်ရင်ဖို ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

ဆုထူးပန်ရုံတွင် တမ်းတလွမ်းရသော နေ့ရက်များ အမည်ရ **Yaadein** အိန္ဒိယဇာတ်ကား ရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် မင်းသားကြီး ဂျကီရှရွတ်၊ မင်းသား ရိုသစ်ရိုရှန်၊ မင်းသမီး အမရစ်ပူရီနှင့် ကရီနားကပူးတို့ ခေါင်းဆောင်ပါဝင်ထားပြီး အနောက်တိုင်းဆန်သော မြီးကောင်ပေါက် သမီးသုံးယောက်ကို မိဘဆန္ဒအတိုင်း အိမ်ထောင်ဘက် ရွေးချယ်စေရန် လန်ဒန်မှ အိန္ဒိယသို့ စေလွှတ်ပြီး ချစ်သူရှာခိုင်းသော အိမ်ထောင်ရေး ပညာပေးဇာတ်ကားဖြစ်သည်။ ဘုရင့်ရုံတွင် One 2 Kay ဇာတ်ကား ရုံဝင်လာသည်။

မိုးပေါ်ခုန်တက်ကချင်

ဒါရိုက်တာညွှန့်မြန်မာညီညီအောင်၏ **မိုးပေါ်ခုန်တက်ကလိုက်ချင်ပါတယ်** ဇာတ်ကားမှာ ဝဇီရာ၊ ရွှေဗဟိုရ်၊ ဘုရင့်နောင်၊ ဧရာဝတီနှင့် ရတနာပုံရုံများတွင် ဆက်လက် အရှိန်အဟုန်ကောင်းနေဆဲဖြစ်သည်။

ဇာတ်ကားတွင် နေတိုး၊ ထွန်းထွန်း၊ ရဲလေး၊ အိန္ဒြာကျော်ဇင်၊ မြတ်ကေသီအောင်၊ မေသဉ္ဇာဦး၊ နေအောင်၊ မေတ္တာတို့ပါဝင်ကြပြီး ကြည့်ရှုသူများ ရယ်မောကြည်နူးပျော်ရွှင်ဖွယ် ခံစားနိုင်အောင် ရိုက်ကူးတင်ပြထားသည်။

ရတနာပုံအဆင့်မြင့်ရုံတွင် နေ့စဉ် ပုံမှန်လေးပွဲ ပြသလျက်ရှိသည်။

စိန်ရတနာ ဗီဒီယိုထုတ်လုပ်ရေးမှ တင်ဆက်ပြီး ဒါရိုက်တာအောင်ဇပါဝါ ရိုက်ကူးသည့် **ရေငုံနှုတ်ပိတ်** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ ယခု နဝဒေးနှင့် မဟာမြိုင်ရုံများတွင် ရုံဝင်လာသည်။

ရေငုံနှုတ်ပိတ်တွင် မင်းမော်ကွန်း၊ အိန္ဒြာကျော်ဇင်၊ အောင်ပိုင်၊ ကျော်ဇော ဟိန်း၊ မင်းဇော်၊ သက်ထားဦး၊ ဆောင်းနှင်းဝေ၊ ဆောင်းသဇင်၊ လဲ့ရည်ဖြိုးဦးနှင့် ကလေးသရုပ်ဆောင် အားသစ်တို့ ပါဝင်ထားသည်။ ညီမပျိုတစ်ယောက်တည်းကို ညီအစ်ကို သုံးယောက်က ဝန်းရံစောင့်ရှောက်သော်လည်း သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့် ဟူသော လောက သဘာဝထုံးစံအရ ညီမမှာ ချစ်သူရှိလာရုံမက ရင်သွေးပါလွယ်ထားရသော အခြေအနေကို သိလိုက်ရသော ညီအစ်ကို လူကြမ်းကြီးသုံးဦးမှာ ယူကျုံးမရဖြစ်ကာ ညီမနှင့်ယောက်ဖကို ရှက်ရမ်းရမ်းရာမှ မမျှော်လင့်သော ဖြစ်ရပ်ကြောင့် အရှက်နှင့် အသက်လဲလိုက်ရသော ဇာတ်လမ်းကို အခြေခံရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ ။

(မြန်မာ့အလင်း)

မိုးပေါ်ခုန်တက်ကလိုက်ချင်ပါတယ် ဇာတ်ကားမှ။

ရေငုံနှုတ်ပိတ် ဇာတ်ကားမှ မင်းမော်ကွန်းနှင့် အိန္ဒြာကျော်ဇင်။

ကဝအရှင်ဝဏ္ဏိတသရတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂၇

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ ဖြူးဆရာတော်၏ တပည့် ကဝအရှင်ဝဏ္ဏိတသရ အစိုးရဓမ္မာစရိယ ဝိနယဝိဒူ ကမ္မဋ္ဌာနာစရိယ ဖြူးမဟာစည် နယ်လှည့်ဓမ္မကထိက အရှင်မြတ်သည် ဇန်နဝါရီ၂၈ရက်တွင် ကဝမြို့ ကဒါတ်စိန်၊ ၃၁ရက်ညတွင် ပဲခူးမြို့ အင်းဝင် ဓမ္မာရုံဓမ္မသဘင်တို့၌ ညစဉ် ၇ နာရီခွဲမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။**(က–ပ)**

ကလေးနာမည်ပေး
ဆရာကြီးရာဇာဇော်ဝင်း
(LL.B.)နှင့်ဆက်သွယ်ပါ 725587
☎ 01- 394727,09-5123509
အမှတ်(၄၁) ၊ လမ်း (၂၀) ၊ ဓမ္မညီဆင်(ကန်တော်ကလေး)
မင်္ဂလာတောင်ညွန့်မြို့နယ် ၊ ရန်ကုန်မြို့

■ ရှေ့ဖုံးမှ

ထို့အတူ ဗီတာမင်ဘီ–၁ ပါဝင်မှုမှာလည်း ၅၄ ဒသမ ၇ ရာခိုင်နှုန်း ရှိရာ နေကြာစေ့၌ ပါဝင်သောဓာတ်များအနက် ဒုတိယအများဆုံးဖြစ်သည်။ ထို့အပြင် မင်းဂနိစ်ဓာတ်လည်း ပေါကြွယ်ဝစွာ ပါဝင်သည်။

နေ့စဉ်ပုံမှန်

နေကြာစေ့ကို နေ့စဉ်ပုံမှန် စားသုံးပါက ခန္ဓာကိုယ်အတွင်း ကိုလက်စထရောများမှုကို လျော့ကျစေပြီး သွေးလည်ပတ်မှုကို ကောင်းမွန်စေသည်။ တစ်ဖန် သွေးပေါင်ချိန် ကျဆင်းစေပြီး အူမကြီး ကင်ဆာဖြစ်ပွားမှုကို လျော့ကျစေနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်တို့က ပြောကြားသည်။

ထို့အပြင် နေကြာစေ့ကို နေ့စဉ် သတ်မှတ်နှုန်းထားတိုင်း စားသုံးသွားပါက နှလုံးသွေးကြောပိတ်မှုကို ဟန့်တားနိုင်ပြီး ဦးနှောက်နှာဗ်ကြောများ လန်းဆန်းမှုကိုလည်း အထောက်အကူပေးနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

လက်ထပ်မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အလုံလမ်း၊ အောင်ဇေယျComplex B2-402 နေ
(ဦးမောင်သန်း–ဒုတိယဦးစီးမှူး၊ ဆည်မြောင်း)–ဒေါ်အုန်းသင်
တို့၏ သားထွေး

မောင်ခင်မောင်ငွေး B.Sc (Geology)
(Director, Future Gate Pte., Ltd.)

နှင့်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ ယုဇန Tower၊ အမှတ်၃၀၂နေ
ဦးစိုးအောင်–ဒေါ်စန်းစန်းဝင်း
တို့၏ တတိယသမီး

ဒေါက်တာထူးထူးမာ M.B.,B.S.(Ygn.)
M.Med.Sc (Internal Medicine)
ရန်ကုန် အထွေထွေရောဂါကုဆေးရုံသစ်ကြီး

တို့၏ ၂၇–၁–၂၀၀၈ရက်တွင် Sedona Hotel (Grand Ballroom) မင်္ဂလာခန်းမ၌ ကျင်းပခဲ့သော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းနှင့်ဇနီးဒေါ်မာမာဝေအားလည်းကောင်း၊ မင်္ဂလာလက်ထပ်စိန်လက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဦးအေးမောင်ဟန်နှင့်ဇနီး ဒေါက်တာဒေါ်သီရိထွန်းမြင့်၊ ဒုတိယညွှန်ကြားရေးမှူးအစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မင်္ဂလာတေးသီချင်းသီဆိုပေးသော တေးသံရှင်နွဲ့ယဉ်ဝင်း၊ Nightingale တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊မိတ်ကပ်ဆံပင်နှင့်မင်္ဂလာပန်းအလှပြင်ခင်စန်းဝင်း၊မင်္ဂလာဝတ်စုံဖန်တီးပေးသော Forever၊ မင်္ဂလာပန်းကြဲပေးသော ချစ်ညီမလေးဒေါက်တာခင်သီတာဝင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော ဒေါက်တာဇာဇာရွှေ၊ ဓာတ်ပုံဖြင့်မှတ်တမ်းတင်ရိုက်ကူးပေးသော Konica ချောစု၊ ဗီဒီယိုဖြင့်မှတ်တမ်းတင်ရိုက်ကူးပေးသော အကိုင်းနှင့်အဖွဲ့၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော မိတ်ဆွေသူငယ်ချင်းများ၊ ကုမ္ပဏီမန်နေဂျာနှင့်ဝန်ထမ်းများ၊ Sedona Hotel မှမန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊Western Park.I တွင်ကျင်းပသောမင်္ဂလာညစာစားပွဲသို့ တက်ရောက်ချီးမြှင့်သော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မေတ္တာဖြင့်မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ခင်မောင်ငွေး–ဒေါက်တာထူးထူးမာ။

မူးယစ်ကိုပစ် ပန်းတိုင်သစ်၊ စိတ်သစ်လူသစ် ဘဝသစ်

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်လမ်း၊ အမှတ်၃၆နေ
ဦးဟုတ်လှိုင်(ကမ္ဘာကြီးပွဲရုံ၊ ဘုရင့်နောင်)–ဒေါ်ရှုရီ (M.D, Great Glory Co.,Ltd.)
တို့၏ တစ်ဦးတည်းသောသား

မောင်မြင့်စိုး
B.E(Civil), M.E(Structural Engineering, A.I.T Bangkok) Director
(Ocean Glory Co.,Ltd.)

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံလမ်းသွယ်၊ ခြံအမှတ် ၈၄(A)နေ
ဦးထွန်းအောင်(သမာဓိပွဲရုံ)–ဒေါ်ညွန့်ရီတို့၏
တစ်ဦးတည်းသော သမီး

ဒေါက်တာအေးအေးမော်
M.B.,B.S (Mdy)
Director (Hein Engineering Co.,Ltd.)

တို့၏ ၂၄–၁–၂၀၀၈ရက်တွင် တရားရုံးချုပ်၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော တရားရုံးချုပ် တရားသူကြီး ဦးဟန်ရှိန်အားလည်းကောင်း၊ ၂၇–၁–၂၀၀၈ရက်တွင် Sedona Hotel (Grand Ballroom)၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်စိုးမောင်နှင့်ဇနီး ဒေါ်နန်းဖြူဖြူအေးတို့အား လည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော တရားရုံးချုပ် တရားသူကြီး ဦးဟန်ရှိန်နှင့်ဇနီး ဒေါ်မြမြလေး၊ အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများ၊ ဧည့်ပရိသတ်များအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး မမေသက်ထွန်း၊ မင်္ဂလာတေးသံသာများဖြင့်ဖျော်ဖြေပေးသော Lazy Club တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မင်္ဂလာဝတ်စုံ Yes I do Memory, မိတ်ကပ်ဆံပင်အလှဆင်ပေးသော ခင်စန်းဝင်းနှင့်အဖွဲ့၊ မှတ်တမ်းတင်ဗီဒီယို၊ ဓာတ်ပုံရိုက်ကူးပေးသောအကိုင်းနှင့်အဖွဲ့၊ မင်္ဂလာပန်းအလှပြင်ဆင်ပေးသောEternal Flowers၊ မင်္ဂလာပန်းကြဲပေးသောမရည်မျိုးမွန်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့်လက်စွပ်ဗန်းကိုင်ဆောင်ပေးသော ဒေါက်တာမင်းမင်း၊ Sedona Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ ၂၇–၁–၂၀၀၈ရက်ညပိုင်းတွင် Traders Hotel (Grand Ballroom)၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာတေးဂီတဖြင့်ဖျော်ဖြေပေးသော Golden Dragonနှင့်အဖွဲ့သားများအားလည်းကောင်း၊ ထိမ်းမြားမင်္ဂလာ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးသော ကိုဉာဏ်သာနှင့် ဒေါက်တာခင်သီဂီမြင့်၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးအားလည်းကောင်း၊ Traders Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မြင့်စိုး–ဒေါက်တာအေးအေးမော်။

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။

ဝက်သတ်လုပ်ငန်း ဖယ်ရှားပေးပါ

စာတည်းခင်ဗျား–

လှိုင်မြို့နယ် (၁)ရပ်ကွက် အောင်မာဃလမ်းတွင် ဝက်သတ်ဒိုင် နေ့စဉ်ဖွင့်ရောင်းချလျက်ရှိရာ ယင်းလုပ်ငန်းမှအနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်ရသည့်အပြင် ဆူညံသံများကြောင့် အိပ်ရေးပျက်ရပါသဖြင့် အဆိုပါလုပ်ငန်းကို ရပ်ကွက်အတွင်းမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သား

အမှုန့်ကြိတ်စက် ဆူညံသံ ကြပ်မတ်ပေးစေလို

စာတည်းခင်ဗျား–

မွန်ပြည်နယ် ပေါင်မြို့နယ် ဇင်းကျိုက်ကျေးရွာ အမှတ် ၁၁ရပ်ကွက်ရှိ အမှုန့်ကြိတ်စက်များ၏ ဆူညံသံများကြောင့် ပတ်ဝန်းကျင် နေထိုင်သူများ စိတ်အနှောင့်အယှက်ဖြစ်ရပါ၍ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

စိတ်အနှောင့်အယှက်ဖြစ်ရသူ

ကျူးကျော်ဈေးဆိုင်တန်း ဖယ်ရှားပေးပါ

စာတည်းရှင့်–

ပဲခူးမြို့ ဥဿာမြို့သစ် ရပ်ကွက်ကြီး(၇) ဓမ္မပါလ လမ်းမပေါ်တွင် ကျူးကျော် ဈေးဆိုင်တန်းများ တည်ဆောက်ထားသဖြင့် လမ်းသွားလမ်းလာများအတွက် သွားလာမှုခက်ခဲပြီး ဆိုင်တန်းများမှ အညှော်နံ့များ၊ ရေမြောင်းအတွင်း စွန့်ပစ်အညစ်အကြေးများကြောင့် ကျန်းမာရေး ထိခိုက်လျက်ရှိရာ အဆိုပါ ကျူးကျော်ဆိုင်တန်းများကို ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ဥဿာမြို့သစ်သူ

ကျူးကျော်အလုပ်ရုံနှင့် ဆိုင်များကြောင့် ရပ်ကွက်အတွင်း စိတ်အနှောင့်အယှက်ဖြစ်ရ

စာတည်းခင်ဗျား–

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား ၂ရပ်ကွက် ရွှေတောင်ကြားလမ်းရှိ ကားဘော်ဒီရုံ နှစ်ရုံနှင့် ကားလမ်းမဘေး တစ်ဖက်တစ်ချက်ကို ကျူးကျော် ဆောက်လုပ်ထားသော ပုံ့ကျဆိုင်နှစ်ဆိုင်ကြောင့် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ကာ လမ်းအတွင်းရှိ လမ်းသွားလမ်းလာများအား များစွာ စိတ်အနှောင့် အယှက်ဖြစ်စေပါသည်။ ၎င်းအပြင် ကျူးကျော်ဆိုင်ခန်းများမှ အလုပ်သမားများသည် ရပ်ကွက်သူ၊ ရပ်ကွက်သားများအား နောက်ပြောင်ခြင်း၊ အချင်းချင်း မကြားဝံ့မနာသာ ဆဲဆိုကြခြင်းများ ပြုလုပ်ခြင်းကြောင့် ရပ်ကွက်ပြည်သူများ စိတ်ဒုက္ခရောက်ရသည့်အပြင် ကားဘော်ဒီရုံရှိ လောင်စာဆီများ၊ ကျူးကျော်ဆိုင်ခန်းများကို ဆောက်လုပ်ထားသော သစ်ဝါးများကြောင့် မီးဘေးအန္တရာယ် စိုးရိမ်နေရပါသဖြင့် လိုအပ်သလို ကြပ်မတ် ဆောင်ရွက်ပေးနိုင်ရန် တင်ပြအပ်ပါသည်။

ရွှေတောင်ကြားလမ်းသားများ

အသံချဲ့စက်သံ နားမခံနိုင်

စာတည်းရှင့်–

ပုသိမ်မြို့ အမှတ်(၆) ရပ်ကွက် ဘန့်ဘွေးကုန်းလမ်း မီးရထားသံလမ်းထိပ်ရှိ စားသောက်ဆိုင်တစ်ဆိုင်မှနေ့ရောညပါ ဖွင့်ထားသော အသံချဲ့စက်သံကြောင့် အနီးပတ်ဝန်းကျင် နေထိုင်သူများ နားမခံသာအောင် ဖြစ်နေရပါသဖြင့် စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

နားမခံနိုင်သူ

ဆွေးမြည့်ဓာတ်တိုင်များ လဲလှယ်ပေးစေလို

စာတည်းရှင့်–

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ်(၄)ရပ်ကွက် စာဂ ၁၈ လမ်းရှိ လျှပ်စစ်ဓာတ်တိုင်များမှာ လွန်ခဲ့သော နှစ်ပေါင်း၅၀ခန့်က စိုက်ထူထားသော သစ်သားတိုင်များ ဖြစ်ကြပါသည်။

တချို့မှာ ဆွေးမြည့် ပျက်စီးနေပါသဖြင့် လဲလှယ်ပေးပါရန် တင်ပြအပ်ပါသည်။

စာဂလမ်းသူ

ကက်ဆက်သံကြောင့် အနှောင့်အယှက်ဖြစ်

စာတည်းခင်ဗျား–

လှိုင်သာယာမြို့နယ် အမှတ် ၈ ရပ်ကွက် အောင်သုခလမ်းထိပ် လက်ဖက်ရည်ဆိုင်နှစ်ဆိုင်မှာ နီးကပ်စွာ ယှဉ်ဖွင့်ထားပြီး ကက်ဆက်နှင့်တီဗွီကို နံနက် ၆ နာရီမှ ည ၁၁ နာရီအထိ အပြိုင်အဆိုင်ဖွင့်ခြင်းတို့ကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူ၊ လမ်းသားများ

ပိုးသတ်ဆေးအနံ့ဆိုး မခံနိုင်၍ ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား–

ပဲခူးတိုင်း ကြို့ပင်ကောက်မြို့ မြို့မဈေးအတွင်းရှိ ရုံအမှတ်(က)၉မှ ဆိုင်ခန်းတစ်ခန်းသည် ပိုးသတ်ဆေးများသိုလှောင်ရောင်းချလျက်ရှိရာ ၎င်းဆိုင်ခန်းမှ ပိုးသတ်ဆေး အနံ့အသက်ဆိုးများကို အနီးဝန်းကျင်ရှိဆိုင်ခန်း ဈေးသည်များမှာ နေ့စဉ်ရှူရှိုက်နေကြရပါသည်။

သို့ဖြစ်ပါ၍ ပိုးသတ်ဆေးများရောင်းချနေသည့် ၎င်းဆိုင်ခန်းကို သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။ **ဈေးသူဈေးသားများ**

မိလ္လာများ ရေမြောင်းထဲ လွှဲထုတ်ထား အနံ့ဆိုးကြောင့် ကျန်းမာရေးအတွက် စိုးရိမ်နေရ

စာတည်းခင်ဗျား–

လှိုင်မြို့နယ် ရန်ကုန်–အင်းစိန်လမ်း ၉ရပ်ကွက် တိုက်အမှတ် ၈၃/၈၄ရှိ ခုနစ်ထပ် ၂၇ ခန်းမှ ဆင်းလာသည့် မိလ္လာများမှာ ကန်နှစ်ကန်တွင် ပြည့်လျှံနေရာ မိလ္လာများကို အနီးရှိအင်္ဂတေရေမြောင်းထဲသို့ လွှဲထုတ်ထားသဖြင့် ပတ်ဝန်းကျင် တိုက်ခန်းများ အနံ့ဆိုးများကြောင့် ကျန်းမာရေးအတွက် စိုးရိမ်နေရပါ၍ သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့မခံနိုင်သူ

အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား–

တောင်ငူမြို့ ထီးနီကုန်းလမ်းမတော်ရှိ ဆီစက်၊ စက္ကူစက်နှင့် ပလတ်စတစ်ပိုက်လုံးစက်ရုံတို့မှ စွန့်ပစ်သော အညစ်အကြေး၊ မီးခိုးငွေ့နှင့် အညှော်နံ့များကြောင့် မင်းကြီးညို ရေခဲရပ်ကွက်နေ ပြည်သူများ ကျန်းမာရေးထိခိုက်လျက် ရှိပါ၍ သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်ပြည်သူများ

ဖယောင်းညှော်နံ့ ဆောင်ရွက်ပြီးစီး

၉–၇–၂၀၀၇ရက်ထုတ် မြန်မာ့အလင်း သတင်းစာပါ **ရွှေဘိုမြို့မှ ဖယောင်းညှော်နံ့ကြောင့် ကျန်းမာရေးထိခိုက်ရ** ပေးစာနှင့် ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးစီးပါကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ပဲခူး ရွှေအောင်ရွေး(ခ) ဆံတော်ရှင်စူဠာမုနိစေတီ ဗုဒ္ဓပူဇနိယပွဲတော်

ပဲခူး ဇန်နဝါရီ ၁၀

မြတ်ဗုဒ္ဓဘုရားဖြစ်စ ကိုးလမျှတွင် သီဟိုဠ်နိုင်ငံ သံဃရာဇာ(ခေါ်) သာသနာပိုင်ဆရာတော်ကြီးနှင့် သီဟိုဠ်ဘုရင်တို့မှ သက္ကရာဇ်(၈၄၅)ခု နတ်တော်လတွင် ဆက်သသော မြတ်ဗုဒ္ဓ၏ ဆံတော်အစစ် ဓာတ်အနှစ်တို့ ကိန်းဝပ်စံပယ်ရာ ပဲခူးမြို့ နန်းတော်ရာရပ်ကွက် ခမွန်ဘောကုန်းတော်ပေါ်ရှိ ရှေးဟောင်းသမိုင်းဝင် ရွှေအောင်ရွေး(ခ)ဆံတော်ရှင်စူဠာမုနိစေတီတော် **(အပေါ်ပုံ)** ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို တပို့တွဲလဆန်း ၈ရက်မှ တပို့တွဲလပြည့်ကျော် ၂ရက် (ဖေဖော်ဝါရီ ၁၄ရက်မှ၂၃ရက်)အထိ ၁၀ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင် စေတီတော်ကြီး ရွှေသင်္ကန်းကပ်လှူခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲများ အပါအဝင် ပျော်ပွဲရွှင်ပွဲများဖြင့် ကျင်းပမည်ဖြစ်ရာ ဇာတ်ပွဲ၊ ပျော်ပွဲ ရွှင်ပွဲ ရဟတ်နှင့် အခြားဈေးဆိုင်ခန်းများ ဆောင်ရွက်လုပ်ကိုင်လိုသူများသည် စေတီတော်ဂေါပကအဖွဲ့ထံသို့ ပြာသိုလပြည့်ကျော် ၁၁ရက် (ဖေဖော်ဝါရီ ၂ရက်) နောက်ဆုံးထား၍ ဆက်သွယ်ရန်နှင့် စေတီတော်ကြီးအတွက် အလှူငွေ၊ ဆွမ်းဆန်စိမ်းနှင့် အခြားလှူဖွယ်ဝတ္ထုအစုစုတို့ကို လှူဒါန်းလိုသူများသည် ဂေါပကအဖွဲ့ ဖုန်း–၀၅၂–၂၄၃၂၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ချောင်းဆုံမြို့၌ ဒရယ်–ကလွီလမ်း ကျောက်ချောခင်း

ချောင်းဆုံ ဇန်နဝါရီ ၂၀

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၇–၂၀၀၈ ခု ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်မည့် ဒရယ်–ကလွီကျေးလက်လမ်းကို ဇန်နဝါရီ ၃ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမောင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ပဲခူးမြို့နယ် သန္တိသုခကျောင်းတိုက်အတွင်း သိမ်တော်ကြီးတည်ဆောက်ရန် အလှူငွေပေးအပ်

ရန်ကုန် ဇန်နဝါရီ ၂၇

ပဲခူးတိုင်း ပဲခူးမြို့နယ် ဝမ်းဘဲအင်းကျေးရွာရှိ သမိုင်းဝင် ဒေးစွန်ပါဆံတော်ရှင်စေတီတော်မြတ်ကြီး၏ တောင်ခြေရင်းရှိ သန္တိသုခကျောင်းတိုက် ပရဝဏ်အတွင်း၌ သိမ်တော်ကြီးတည်ဆောက်ရန်အတွက် အလှူငွေ ပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၆ရက်က အဆိုပါကျောင်းတိုက်၌ ကျင်းပရာ ရှေးဦးစွာ သန္တိသုခကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တခေမာထံမှ ပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

လှူဒါန်း

ထို့နောက် ရန်ကုန်မြို့နေ ဒေါ်လှမြင့်မိသားစုနှင့်မောင်နှမများက ငွေကျပ်သိန်းတစ်ရာကိုလည်းကောင်း၊ သန်လျင်မြို့နေ အရဟံဆရာအောင်–ဒေါ်နှင်းရည်ကျော်မိသားစုက ငွေကျပ်ဆယ်သိန်းကိုလည်းကောင်း **(အပေါ်ပုံ)**၊ အောင်လံမြို့နေ ဦးခင်မောင်ဝင်း–ဒေါ်ခင်သောင်းအေး(ပုလဲဆုပိုင်ပွဲရုံ)ကငွေကျပ် နှစ်သိန်းငါးသောင်းကိုလည်းကောင်း၊ ဝါးခယ်မမြို့နေ ဦးဇော်မင်းဟိဏ်း–ဒေါ်လှလှခိုင်မိသားစုက ငွေကျပ်နှစ်သိန်းကို လည်းကောင်း၊ ရန်ကုန်မြို့နေ ဦးတင်အုန်း(သစ်တော)–ဒေါ်နိုင်နိုင်ဇော်မိသားစု၊ ခရမ်းမြို့နယ်နေ ဦးဝင်းစိုး–ဒေါ်သန်းသန်းမာ မိသားစု၊ ဦးအဖိုး–ဒေါ်ခင်ရီမိသားစု၊ ဦးကံညွန့်–ဒေါ်ကြူကြူမိသားစု၊ ဦးဝင်းဆွေ–ဒေါ်အေးသစ်မိသားစုနှင့် ဝေါမြို့နယ်နေ မခင်စမ်းဝေမိသားစုတို့က ငွေကျပ် တစ်သိန်းစီတို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(သတင်းစဉ်)**

နှစ်ဖက်သောမိဘများအား ရည်စူး၍ အမှတ် ၁၈၀ ဗဟိုလမ်း စမ်းချောင်းမြို့နယ်နေ ဦးကျော်မြင့်–ဒေါ်မြင့်မြင့်သန်းမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်၁၁၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးမှူးဦးသန်းရွှေက လက်ခံယူစဉ်။ (က–ပ)

ကျောက်ဆည်မြို့နယ် ပြည်လုံးရပ် လမ်း၂၀နေ ဦးမော်ကြီး–ဒေါ်မြသွေးနှင့် သား ကိုဇေယျာဦး–မခင်ချိုလင်းမိသားစုတို့က ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူရန် ရွှေပြား ခြောက်ကျပ်သားသုံးပြားနှင့် ရွှေပြား တစ်ကျပ်ရှစ်ပဲသား တစ်ပြားအတွက် အလှူငွေကျပ် ၁၀၁၄၀၀၀၀ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမြသိန်းနှင့် ဒေါက်တာတင်သိန်းလွင်တို့က လက်ခံယူစဉ်။ (က–ပ)

မိတ္ထီလာမြို့ ဆည်မြောင်းတည်ဆောက်ရေး(၇)မှ ညွှန်ကြားရေးမှူးဦးမျိုးထွန်း–ဒေါ်ကြူကြူမိသားစုတို့က မိတ္ထီလာဘိုးဘွားရိပ်သာသို့ ဒီဇင်ဘာ ၄ရက်က ထာဝရငွေပဒေသာပင် ငွေကျပ်သုံးသိန်းလှူဒါန်းရာ အတွင်းရေးမှူး ဦးသန်းမောင်နှင့် ဘဏ္ဍာရေးမှူး ဦးတင်မောင်တို့က လက်ခံယူစဉ်။ (က–ပ)

မြို့နယ်သတင်းများ

မနောရမ္မမှ ပညာဒါနပြုမည်

ရန်ကုန် ဇန်နဝါရီ ၂၇

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဗဟိုလမ်း(ရှမ်းလမ်းဓာတ်ဆီဆိုင်အနီး) အရှေ့ဥယျာဉ်တိုက်ရှိ မနောရမ္မ ပညာဒါနကျောင်း၌ ပဓာနနာယကဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝါယမိန္ဒကြီးမှူး၍ ဝါရင့်ဘာသာဗေဒ ဆရာ ဆရာမကြီးများ ကိုယ်တိုင်သင်ကြားပို့ချမည့် အင်္ဂလိပ်၊ ပြင်သစ်၊ ဂျပန်၊ တရုတ်နှင့် ကိုရီးယား စသည့် ဘာသာစကားသင်တန်း အမှတ်စဉ်(၃၄)ကို ဖေဖော်ဝါရီ ၂ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။

တက်ရောက်နိုင်

ဘာသာစကားတစ်ခု၏ အခြေခံကို ကျွမ်းကျင်ပိုင်နိုင်စေပြီး ဆက်လက်လေ့လာဆည်းပူးရာ၌ အခြေခံကောင်းအဖြစ် အထောက်အကူပြုစေမည့် ပညာဒါန ဘာသာစကားသင်တန်းသို့ စိတ်ပါဝင်စားသူ မည်သူမဆို အဆိုပါ မနောရမ္မပညာဒါနကျောင်းနှင့် ဖုန်း–၅၃၇၀၂၆ နှင့် ၅၁၈၀၂၄ တို့သို့ ဆက်သွယ်စုံစမ်း တက်ရောက်သင်ယူနိုင်ကြောင်း သိရသည်။ **(က–ပ)**

ရေစကြိုမြို့ ဗိုလ်ချုပ်လမ်း ကတ္တရာလမ်းသစ်ဖွင့်

ရေစကြို ဇန်နဝါရီ ၁၅

နှစ် (၆၀)ပြည့်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရေစကြိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇–၂၀၀၈ခု ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ဗိုလ်ချုပ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၈ရက် နံနက် ၈နာရီက အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်ဖြိုးက ကတ္တရာလမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံများ ပေးအပ်ရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးမျိုးသန်းထွန်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြငွေတို့က လက်ခံယူကြပြီး အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖောင်းပြင် တောပကျေးရွာ လက်နှိပ်တုံကင် တူးဖော်

ဖောင်းပြင် ဇန်နဝါရီ ၁၀

ဖောင်းပြင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇–၂၀၀၈ ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ဖောင်းပြင်မြို့ တောပကျေးရွာ လက်နှိပ်တုံကင်တွင်း တူးဖော်ပြီးစီးမှုကို ဇန်နဝါရီ ၂ရက်က ဖောင်းပြင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်ထွေးနှင့် အငယ်တန်းအင်ဂျင်နီယာ(၃) မြို့ပြ ဦးသန်းဇော်ဝင်းတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

နှစ်(၆၀)ပြည့်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဘီးလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော အနောက်သူရ ကတ္တရာလမ်း(ထပ်ပိုးလွှာ)ဖွင့်ပွဲကို ဇန်နဝါရီ၃ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရန်မျိုးအောင်တို့ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

စစ်ကိုင်း၌ အမှိုက်ပုံ စုပေါင်းရှင်းလင်း

စစ်ကိုင်း ဇန်နဝါရီ ၁၅

စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ အလေးထားဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၃ရက်က စစ်ကိုင်းမြို့ မင်းလမ်းရပ်ကွက်ရှိ အမှိုက်ပုံကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းရှင်းလင်းရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(သန့်) ဦးဆောင်၍ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

သုခချမ်းသာ

တရားထိုင်ခြင်ဆောင်လှုပ်ငန်း
☎: 01-512443
အရောက်ပို့ပေးပါသည်။

မိတ္ထီလာဂျစ်ကား
အမြန်ရောင်းမည်
ကားသန့်
ဖုန်း– ၀၉–၅၁–၃၃၅၅၃။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ယ/၇၉၅၉၄ လက်ဝယ်ရှိသူ ဦးမင်းဇော် ၇/တငန(နိုင်)၀၀၁၂၂၇ က (ကမ–၃) ပျောက်ဆုံး၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ (တောင်ငူ)။

ဒီကရီအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၂၂)
ထားဝယ်ခရိုင်တရားရုံး ထားဝယ်မြို့
၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ်– ၅၇
၂၀၀၈ ခုနှစ် တရားမဇာရီမှုအမှတ်– ၂

ဒေါ်ဝါဝါယု	နှင့်	ဒေါ်နီနီအေး
အမှတ် ၁၆၁၊ ရေးလမ်း		အမှတ် ၁၅၇၊ အနောက်လမ်း
ဝဲကျွန်းထိန်လယ်ရပ်		အနောက်ရပ်၊ ထားဝယ်မြို့
ထားဝယ်မြို့။		(ယခုနေရပ်လိပ်စာမသိ)
တရားနိုင်		**တရားရှုံး**

အမှတ်–၁၅၇ အနောက်လမ်း အနောက်ရပ် ထားဝယ်မြို့ (ယခုနေရပ်လိပ်စာမသိ) ဒေါ်နီနီအေး သိစေရမည်။

၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ်–၅၇တွင် ကျရှိသည့် ဒီကရီကို အတည်ဇာရီပြုလုပ်ရန် ဤရုံးတွင် ဒေါ်ဝါဝါယုက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြ၍ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်တွင် အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ အကြောင်းပြချေဆိုနိုင်သူအခွင့်ရ ကိုယ်စားလှယ်ဖြစ်စေ ၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၃၀ရက် (၁၃၆၉ခုနှစ် ပြာသိုလပြည့်ကျော် ၈ရက်) နံနက် ၁၀နာရီတွင် ရုံးရှေ့လာရောက်စေ။

၂၀၀၈ခုနှစ် ဇန်နဝါရီ ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဌေးဌေးကြည်
ခရိုင်တရားသူကြီး
ထားဝယ်ခရိုင်တရားရုံး။

ယနေ့
မီးဘေးကြိုတင်
ကာကွယ်ရေးသည်
မနက်ဖြန်
မီးဘေးလုံခြုံရေး
ဖြစ်သည်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့ တာမွေမြို့နယ် ကျားကွက်သစ်စံပြရပ်ကွက် မဂ္ဂင်လမ်း အမှတ်(၁၇)၊ မြေညီထပ်(ယာ)ဟုခေါ်တွင်သည့် တိုက်ခန်းအား တရားဝင်ပိုင်ဆိုင်သူ ဒေါ်မူမူအောင်(ဘ) ဦးထွန်းမြင့် ၁၂/သကတ(နိုင်)၀၂၄၅၂၃ ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်း၏ဥပဒေအရ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ ဆိုရေး၊ ဆိုခွင့်ရှိသူမည်သူမဆို ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား အပြည့်အစုံဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးခင်မောင်ချို (စဉ်–၈၄၇၈)
Legal Consultant
S.K.N အိမ်ခြံမြေ Co.,Ltd.
အမှတ် ၁၊ ပင်ရွှေညောင်လမ်း၊ တာမွေမြို့နယ်၊
ဖုန်း– ၅၄၁၅၀၁၊ ၀၉–၅၁–၇၇၉၅၃။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် လလ/၁၆၇၂ ယာဉ်အမျိုးအစား ယမဟာ DT-125 ယာဉ်လက်ဝယ်ရှိသူ ဦးခွန်ကို(ခ)ကျော်ဖေ မှတ်ပုံတင်အမှတ် TGI–၀၁၈၈၃၆က ယာဉ်မှတ်ပုံတင် စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(လွိုင်လင်)။**

ရောင်းရန်ရှိသည်

TE-11
ကုပ်ကြီးတန်းကြီး
အုတ်၊ ထုံး၊
သဲကျောက်တင်ရန်အသင့်။

ဆက်သွယ်ရန်
ဖုန်း– ၀၉–၆၉–၇၁၉၉၉၊
၀၂–၈၀၀၃၅။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
ရန်ကုန်တိုင်း တွဲဖက်တိုင်းတရားသူကြီး–၈ ရုံးတော်၌
၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ်–၁၄၃၃

ဦးမြင့်အောင်	နှင့်	ဒေါ်စန္ဒာ
တရားလို		**တရားပြိုင်**

ဒေါ်စန္ဒာ အမှတ် ၃၁(အေ)၊ ၃လွှာ၊ (၃)လမ်း၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ် ရန်ကုန်တိုင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယား ကွာရှင်းပြတ်စဲလိုကြောင်းနှင့် လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၁၁ရက် (၁၃၆၉ ခုနှစ် တပို့တွဲလဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၈ခုနှစ် ဇန်နဝါရီ ၂၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ပြုံးပြုံးအေး
တွဲဖက်တိုင်းတရားသူကြီး(၈)
ရန်ကုန်တိုင်းတရားရုံး။

ထားဝယ်စည်ပင် မြို့သာယာလှပရေး ရေမြောင်းများ တူးဖော်

ထားဝယ် ဇန်နဝါရီ ၁၅

ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ထားဝယ်မြို့ အာဇာနည်လမ်းတွင် မြို့သန့်ရှင်းသာယာလှပရေးအတွက် ရေမြောင်းများ တူးဖော်ဆောင်ရွက်မှုကို ဒီဇင်ဘာ ၁၆ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးညွန့်နှင့် ဈေးသန့်ရှင်းရေးတာဝန်ခံ ဦးသိန်းဝင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်သိန်းတို့ ကျိုင်းတုံမြို့ ရေပေးရေးလုပ်ငန်းကို ဇန်နဝါရီ၁၀ ရက်က ကြည့်ရှုစစ်ဆေးရာ မြို့ပြရေပေးရေးနှင့်ပတ်သက်၍ တာဝန်ခံ အင်ဂျင်နီယာက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

သမိုင်းဝင် ဟသ်ာကုန်းစေတီ တိုးချဲ့ဆောင်းတန်းများအတွက် အလှူငွေများ ပါဝင်လှူဒါန်းနိုင်

ပဲခူး ဇန်နဝါရီ ၂၂

ပဲခူးမြို့ သမိုင်းဝင် ဟသ်ာကုန်း စေတီတော်မြတ်ကြီး၏ အနောက်ဘက် ဆောင်းတန်းနှင့် တောင်ဘက်ဆောင်းတန်းများ ပြုပြင်လျက်ရှိသည်။ သို့ပါ၍ ပါရမီကုသိုလ်ရှင်များကအပြီးအစီး ဖြစ်စေ၊ တတ်စွမ်းသမျှဖြစ်စေ လှူဒါန်း ကုသိုလ်ယူနိုင်ကြပါကြောင်းနှင့် အနောက်ဘက်ဆောင်းတန်းအတွက် ငွေကျပ် သိန်း၁၀၀၊ တောင်ဘက်ဆောင်းတန်းအတွက် ငွေကျပ်သိန်း၂၅၀ဖြစ်ရာ အလှူရှင်များ လှူဒါန်းလိုပါက ဂေါပကအဖွဲ့ ရုံးဖုန်း ၀၅၂–၂၁၈၇၇သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

ဒီဇင်ဘာ ၂၇ ရက်က နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်မြို့ ပြည်–အောင်လံလမ်းမှ နဖားအင်း–ကြခတ် ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းက လုပ်ငန်းဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(ဈေး) ဦးဆန်းဝင်း ဦးဆောင်သောအဖွဲ့ ဒီဇင်ဘာ၂၉ ရက်က မြို့သန့်ရှင်းသာယာလှပရေးအတွက် သဲတော–ဝမ်းတွင်း လမ်းဘေးဝဲယာရှိ ချုံနွယ်မြက်များ ရှင်းလင်းခြင်းနှင့် ပန်းအလှပင်များ ပြုပြင်ကြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
ပြာသိုလပြည့်ကျော် ၇ ရက်
၂၉–၁–၂၀၀၈
(အင်္ဂါနေ့)

နံနက်ပိုင်း

၀၇း၀၀	တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဝဋ္ဋသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅	နိုင်ငံ့စီးပွားလုပ်ငန်းများ (ပုဂံ–ညောင်ဦးဒေသထွက်ကုန် အကြောင်း)
၁၁း၃၀	မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (မြန်မာ့သမိုင်း ခေတ်ဦးက ပျူတို့၏အစဉ်အလာ–ဒေါက်တာမတင်ဝင်း)
၁၂း၀၀	သူ့အတွေးနှင့်သူ့အရေး(ခွင့်လွှတ်ခြင်း)
၁၂း၂၀	ဇာတ်လမ်းပမာနားဆင်စရာ(နားလည်မှု)
၁၂း၄၅	ကဏ္ဍစုံစွာ ဆွေးနွေးစရာ (ဉာဏ်ရည်ရွေးချယ်မှုအကြောင်း)
၁၃း၁၀	ပညာရေးအစီအစဉ် (အဋ္ဌမတန်း–ပြည်ထောင်စုစိတ်ဓာတ်) (လွတ်လပ်ပြီးခေတ် ဖဆပလ)

ညနေပိုင်း

၁၆း၁၀	ဆိုကြမြိုင်မြိုင်တေးသံပြိုင် (၁) ဒို့အမွေ (အေဝမ်းစိုးမြင့်အဖွဲ့) (၂) ပြုံးပန်းဝေ (မြန်မာ့အသံအဖွဲ့) (၃) ပထမအရွယ်၏ ပထမတာဝန် (စန္ဒရားမြဦးအဖွဲ့)
၁၇း၀၀	တပ်မတော်စာတိုက်
၁၇း၃၀	ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (အားကစားစိတ်ဓာတ်)
၁၈း၂၅	ကျေးလက်ဇာတ်လမ်း (သူ့အတွက် ဟင်းတစ်ခွက်)
၁၉း၁၅	ကျန်းမာရေးနှင့် ဆေးပညာ (အမြတ်ရအောင် ရင်းနှီးပါ)
၁၉း၃၀	တူယှဉ်သီကြွေးစုံတွဲတေး (၁) သိပ်ချစ်နေပြီ (ခင်မောင်ထူး၊ ဟေမာနေဝင်း) (၂) မုန်းဆက်ဆက်မရွယ် (အောင်ရင်၊ မေဆွိ) (၃) ဝေးသွားတဲ့အခါ (ဂရေဟမ်၊ ရတနာဦး)
၂၀း၃၀	ခံစားနားဆင်မြန်မာတေးသံစဉ် (၁) မိမာယာရဲ့ အလှတောမှာ (ကျောက်ပန်းတောင်းကျော်လွင်) (၂) ဝေးမှသိတဲ့ဝေဒနာ(ခနေဖြူညွန့်ညွန့်ရွှေ) (၃) မျက်ရည်ကျရင်း ရယ်ပြပါ့မယ် (ဟသ်ာတအောင်တင်ဝင်း)

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများ မီးဘေး ကြိုတင်ကာကွယ်ရေး အတွက် ဇန်နဝါရီ ၁၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးခင်မောင်မြင့်နှင့် တာဝန်ရှိ သူများ စုပေါင်း၍ မြို့မဈေး၊ အောင်သာယာဈေး၊ ဆိပ်ကမ်းသာဈေးနှင့် ဗိုလ်ချုပ် ဈေးများ အတွင်းအပြင် သွယ်တန်းထားသောလျှပ်စစ်မီးကြိုးများ ကြံ့ခိုင်မှု စစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

ကလောမြို့ ရေအေးကန်ဆည် ကြည့်ရှုစစ်ဆေး

ကလော ဇန်နဝါရီ ၆

ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကြီးကြပ်စီမံခန့်ခွဲလျက်ရှိသော ကလောမြို့ ရေအေးကန်ဆည်သို့ ဒီဇင် ဘာ ၃၀ရက်က ရှမ်းပြည်နယ် (တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချို သွားရောက်ကြည့်ရှုစစ်ဆေးရာ ရေအေးကန်ဆိုင်ရာ အချက်အလက်များကို အင်ဂျင်နီယာမှူး ဦးအောင်နိုင်ထွန်းနှင့် ဦးစီးအရာရှိ ဦးလှမြင့်တို့က ရှင်းလင်း ပြသကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

သထုံမြို့ပေါ် ငါးရပ်ကွက်အတွင်းရှိ မိလ္လာကန်သုံးစွဲမှု အခြေအနေကို သထုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကျန်းမာရေးမှူး(၂) ဦးတင်ဝင်းကျော်နှင့်အဖွဲ့ ရုံးဝန်ထမ်းများ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ပြည်သူ့သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ရေစကြိုမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် မတူပီမြို့ ဘုံတလာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ရေစကြိုမြို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ စစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၇

မတူပီမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၈ရက် နံနက်ပိုင်းက မတူပီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြုဇဟိုကျောင်း ကျောင်းထိုင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ရာဇိန္ဒအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ●

သတင်း နှင့် ဆောင်းပါး အညွှန်း

❒ ကျီစားသန်ခဲ့မိသောကြောင့်....
နိုင်ငံတကာမှုခင်း စာ - ၆

❒ ထွန်းသစ်လာသည့် လာအိုနိုင်ငံ
တိုး၏ သတင်းအက်ဆေး စာ - ၇

❒ ၂၀၀၈ ခုနှစ် မောင်မြန်မာ၊ မယ်မြန်မာပြိုင်ပွဲ
မြင့်မောင်စိုး၏ သတင်းမြင်ကွင်း စာ - ၁၁

ဘူးသီး၊ မရန်းသီး လှိုင်လှိုင်ပေါ်၍ ဈေးနှုန်းချိုသာ ပျားလိမ္မော် အဝင်များပြီး ပန်းဈေးကောင်းလာ

ရန်ကုန် ဇန်နဝါရီ ၂၇

ယခုသီတင်းပတ်အတွင်း သစ်သီးဝလံ ဟင်းသီးဟင်းရွက်များ ကြည့်မြင်တိုင်မြို့နယ် သီရိမင်္ဂလာဈေးကြီး၌ ဘူးသီး၊ မရန်းသီး၊ ငရုတ်သီး၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ချင်း၊ မုန်လာဥနီများ လှိုင်လှိုင်ပေါ်၍ ဈေးကျသွားသည်။

ယခင်တစ်ပတ်က မရန်းသီး ပေါ်ဦးပေါ်ဖျား တစ်ပိဿာ ကျပ် ၄၀၀၀ဈေး ရှိရာမှ ယခုသီတင်းပတ်တွင် တစ်ပိဿာကျပ် ၁၂၀၀သာ ဈေးရှိတော့သည်။

ငရုတ်သီး

ငရုတ်သီးဈေးနှုန်းမှာ အစိမ်းအတောင့်ကြီး တစ်ပိဿာလျှင် ကျပ် ၅၀၀၊ ကျပ်၆၀၀ ဈေးရှိသည်။ ရွှေအပ်ဟုခေါ်သည့် ငရုတ်သီး သေးသေးလေးများမှာ ယခင် တစ်ပိဿာကျပ်၃၄၀၀ ဝန်းကျင်ဈေးရှိရာမှ ယခုသီတင်းပတ်တွင် တစ်ပိဿာကျပ်၂၂၀၀ဈေးသာ ရှိနေသည်။

စာမျက်နှာ ၉ ကော်လံ ၁ ❒

ဈေးကွက်သတင်းမြင်ကွင်း
မြင့်မောင်စိုး

ဓာတ်ပုံမှတ်တမ်း
အောင်သန်း
(မင်္ဂလာတောင်ညွန့်)

လှိုင်လှိုင်ပေါ်နေသည့် ပန်းဂေါ်ဖီများရောင်းဝယ်ဖောက်ကားနေသည်ကို ကြည့်မြင်တိုင်မြို့နယ် သီရိမင်္ဂလာဈေး၌ ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား